# ကြေးမုံ
The Mirror

၁၉၅၇ ဧပြီ ၁၈ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ (27-11-2013) (၇၆၇၇)


## ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်နိုင်ရန် ဒီမိုကရေစီစနစ်ကို ခိုင်မာသည့် ရည်မှန်းချက်ဖြင့် ဖော်ဆောင်လျက်ရှိ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၉၃)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

၁၃၇၅ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် (၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်)တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ (၉၃)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပြီး စည်းလုံးညီညွတ်စွာဖြင့် ယနေ့နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီ၏ အနှစ်သာရကို အပြည့်အဝရရှိခံစားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့လက်အောက်သို့ကျရောက်ခဲ့ပြီး နယ်ချဲ့တို့က ကိုလိုနီအုပ်ချုပ်ရေးယန္တရားနှင့် လိုက်လျောညီထွေဖြစ်မည့် မြန်မာနိုင်ငံ၏ပညာရေးစနစ်ကို ဖန်တီးစီမံခဲ့ကြသည်။ ၁၉၂၀ ဒီဇင်ဘာလ (၁၂၈၂ ခု တန်ဆောင်မုန်းလ)တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေသစ်ကို မြန်မာပြည်သူပြည်သားများ၏ အလိုနှင့် ဆန့်ကျင်ပြီး နယ်ချဲ့အစိုးရက အတင်းအကျပ်ပြဋ္ဌာန်းခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ခြင်းကို ၁၉၂၀ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့ (၁၂၈၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် ဆန့်ကျင်ကန့်ကွက်ခဲ့ရာ ထိုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ခဲ့သည်။

ယနေ့သည် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်အတွက် အမျိုးသားပညာရေးလှုပ်ရှားမှု စတင်ဆောင်ရွက်ခဲ့သည့် (၉၃)နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။

နိုင်ငံသားတိုင်းသည် မျိုးချစ်စိတ်ဓာတ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးအတွက် ခိုင်မာသည့် ပညာရေးအခြေခံကောင်းများ ရရှိရန်လိုအပ်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မော်ရိုကိုဘုရင်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မော်ရိုကိုဘုရင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အက်ဘ်ဒယ်လီယာ အယ်လ် ဟိုစနီသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## (၉၃) နှစ်မြောက် အမျိုးသားနေ့ဂုဏ်ပြု


ယုဝတီခင်ဦး၏
"အမျိုးသားနေ့ တို့နေ့"
ဆောင်းပါး ›› စာမျက်နှာ - ၆

ခင်မောင်ဌေး(ပညာရေး)၏
"အမျိုးသားရေး ဇာတိမာန်အောင်ပွဲ"
ဆောင်းပါး ›› စာမျက်နှာ - ၇

ပန်းတောင်းသန်းကြွယ်၏
"အမျိုးသားနေ့ အဓိဋ္ဌာန်"
ကဗျာ ›› စာမျက်နှာ - ၉




ကိုလိုနီယူနီဗာစီတီ အက်ဥပဒေကို ကန့်ကွက်ရန် သစ္စာပြုခဲ့ကြသည့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် စနေထောင့်ရှိ အထိမ်းအမှတ်ကျောက်စာတိုင်။

## ဆိုင်ကလုန်းမုန်တိုင်း လီဟာအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "လီဟာ" (LEHAR) သည် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု ပို့လ်ဘလဲယားမြို့၏ အနောက်မြောက်ဘက် မိုင် ၂၅၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၂၈၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၄၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# (၉၃)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ စာတည်းရှုထောင့် ၂၇-၁၁-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

# အမျိုးသားအောင်ပွဲ

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ်သတ်မှတ်ထားပါသည်။ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့သို့ ရောက်တိုင်း နိုင်ငံတစ်ဝန်း၌ အမျိုးသားအောင်ပွဲနေ့ကျင်းပလေ့ရှိရာ ယခုအခါ နှစ်ပေါင်း (၉၃) နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ သူ့ကျွန်လက်အောက်သို့ ကျရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကိုလည်း ကိုလိုနီပညာရေးစနစ်ဖန်တီးနိုင်ရန် ရန်ကုန်တက္ကသိုလ်ပညာရေးစနစ်ကို နယ်ချဲ့အလိုကျ ဥပဒေအဖြစ် ၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထိုကဲ့သို့ပြဋ္ဌာန်းခဲ့ခြင်းအပေါ် ပြည်သူတစ်ရပ်လုံးက ကန့်ကွက်မှုအမျိုးမျိုးပြုခဲ့ကြပြီးနောက် ဒီဇင်ဘာလ ၅ ရက်နေ့(တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့)ကို အမျိုးသားအောင်ပွဲနေ့ဟု တညီတညွတ်တည်းသတ်မှတ်ခဲ့ပါသည်။

ထိုသို့သတ်မှတ်ခဲ့သောကြောင့် အကျိုးဆက်အားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် အမျိုးသားကျောင်းများပေါ်ထွန်းခဲ့ပြီး မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ပြင်းထန်လာခဲ့ပါသည်။ ဆက်လက်၍ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်ခဲ့ရာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

နိုင်ငံတိုင်းသည် ထိုနိုင်ငံ၊ ထိုလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုသည့် ပညာရေးအခြေခံကောင်းများရှိမှသာ ထိုနိုင်ငံသည် မျိုးချစ်စိတ်ဓာတ်မြင့်မားပြီး ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်မြဲမြံမည် ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၉၃) နှစ်ကြာကာလက ပညာရေးကို အခြေခံသည့် သန္ဓေတည်ခဲ့သောမျိုးချစ်စိတ်ဓာတ်ကြောင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နေခြင်း ဖြစ်ပါသည်။

သို့သော် ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာရေးကို မေ့မေ့လျော့လျော့ မထားအပ်ချေ။ မျက်မှောက်ကာလ နည်းပညာခေတ်တွင် ပြည်ပမှထိုးဖောက်ဝင်ရောက်လာသော နိုင်ငံရေးနှင့် ယဉ်ကျေးမှုအတွေးအခေါ်တို့ကို မှန်ကန်စွာသုံးသပ်ရှုမြင်ပြီး မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြမှသာ ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်နှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားမည်ဖြစ်သည်။

ထို့ကြောင့် (၉၃) နှစ်မြောက် အမျိုးသားနေ့အတွက် ချမှတ်ထားသော အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးဟူသည့် ဦးတည်ချက်များအတိုင်း လိုက်နာကျင့်သုံးအကောင်အထည်ဖော်ကြခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ကြရမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေဆဲဖြစ်သည်။ ဒီမိုကရေစီသက်တမ်း သုံးနှစ်နီးပါးကာလအတွင်း စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်ရာ ပြည်သူအားလုံးအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ထက်သန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ကြရာ၌ အမျိုးသားရေး၏ အခြေခံဖြစ်သည့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်အညီဖော်ဆောင်ပြီး ပညာရည်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသူနိုင်ငံသားများအားလုံးအနေဖြင့် ရရှိလာသော မြင့်မားသည့် အသိအမြင်အတတ်ပညာများဖြင့် နိုင်ငံသစ်ကို ဝိုင်းဝန်းတည်ဆောက်ကြရန် လိုအပ်ပါသည်။ ။



# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားရွာရှိ အားကစားသမားတည်းခိုအဆောင်များ စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားရွာ ဂိတ်အမှတ် (၁)တွင် Information Counter နှင့် Functional Service Center ရှိ Accreditation Card များဆောင်ရွက်ပေးနေမှုနှင့် ဂိတ်အမှတ်(၂)တွင် အဝင်၊ အထွက်ဂိတ်၏ လုံခြုံရေးစစ်ဆေးဆောင်ရွက်နေမှု၊ ဗဟိုချက်ပြုတ်ရေးအဆောင်သို့ သွားရောက်စစ်ဆေးပြီး သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများနှင့် အစားအစာများဖြစ်ရန်နှင့် နိုင်ငံတကာအဆင့်မီ အာဟာရပြည့်ဝမည့် အစားအစာများ ချက်ပြုတ်ပြင်ဆင်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပစ္စည်းများထားရှိသည့် ဂိုဒေါင်များ၊ နိုင်ငံတကာအားကစားအဖွဲ့များတည်းခိုမည့် အဆောင်များအတွင်း အသုံးအဆောင်ပရိဘောဂများနှင့် ဆေးခန်းများ ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၅၅၀၀ -၆၆၆၅၀၀ |
| မန္တလေး ရွှေဈေး | ၆၆၅၂၀၀ -၆၆၆၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၂၇. ၇ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၄. ၅၅ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၀၂ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၅၈၅ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၉၀ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၆၉၄ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၆၇. ၀၃ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၄၇၃ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၁. ၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**






# ဗန်ကောက်မြို့ရှိ ထိုင်းအစိုးရဝန်ကြီးဌာနများ ဝန်းကျင်၌ ဆန္ဒပြမှုများ တိုးတက်ဖြစ်ပေါ်

**ဗန်ကောက်  နိုဝင်ဘာ  ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေရာ အစိုးရအဖွဲ့ ဝန်ကြီးဌာနများဝန်းကျင်၌ လူစုလူဝေးဖြင့် ဆန့်ကျင်ဆန္ဒပြမှုများ ပိုမိုများပြားလာကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆန့်ကျင်ဆန္ဒပြသူများအနေဖြင့် လက်ရှိ ထိုင်းအစိုးရ ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာဦးဆောင်သော ထိုင်းအစိုးရအဖွဲ့အား နုတ်ထွက်ပေးစေလိုပြီး ယင်းအစိုးရသည် အာဏာလက်မဲ့ဖြစ်နေသည့် ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝါထရာ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်ဟု ဆိုသည်။ နိုဝင်ဘာ ၂၄ ရက်တွင် ကြီးမားသောလူထုချီတက်ဆန္ဒပြမှုကြီးအပြီးတွင် ယင်းတို့သည် ဗန်ကောက်မြို့ အတွင်းရှိ နေရာအနှံ့အပြားသို့ ချီတက်ခဲ့ကြသည်။

နိုဝင်ဘာ ၂၅ ရက်နှောင်းပိုင်းတွင် ထိုင်းဝန်ကြီးချုပ် မစ္စယင်လတ်ရှင်နာဝါထရာက ထိုင်းတာဝန်ရှိသူများအနေဖြင့် ဆန့်ကျင်ဆန္ဒပြမှုများအား နှိမ်နင်းရေးအတွက် အိမ်ပြင်မထွက်ရအမိန့်နှင့် လမ်းများပိတ်ဆို့ရေးအတွက် အထူးအခွင့်အာဏာအသုံးပြုရန် တောင်းခံခဲ့သည်။

ထိုင်းနိုင်ငံအတွင်း ဆန္ဒပြမှုများအား ဦးဆောင်ခဲ့သူဟူသော စွပ်စွဲချက်ဖြင့် ထိုင်းအတိုက်အခံ ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ဟောင်းနှင့် လွှတ်တော်အမတ်ဖြစ်သူ ဆူပက်ဆောင်ဆူဘန်အား ထိုင်းတရားရုံးချုပ်က ရာဇဝတ်မှုကျူးလွန်သူအဖြစ် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ခဲ့သည်။ **ဘီဘီစီ။**



**ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဝန်ကြီးချုပ်ယင်လတ် နုတ်ထွက်ရေးအတွက် ဆန္ဒပြမှုများ ဖြစ်ပွားမှုကို တွေ့ရစဉ်။**

# လာမည့်လအတွင်း လမျက်နှာပြင်ပေါ်သို့ လူမဲ့စူးစမ်းရေးယာဉ်တစ်စီး တရုတ် လွှတ်တင်မည်

ပေကျင်း  နိုဝင်ဘာ  ၂၆

**လူမဲ့ အာကာသစူးစမ်းလေ့လာရေးယာဉ်တစ်စီးအား လာမည့်လအတွင်း လကမ္ဘာသို့လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း တရုတ်နိုင်ငံ တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။**



**လကမ္ဘာမျက်နှာပြင်အား စူးစမ်းလေ့လာမှုပြုမည့် တရုတ်နိုင်ငံ၏ လူမဲ့ အာကာသစူးစမ်းရေးယာဉ်၏ ပုံစံငယ်ကို တွေ့ရစဉ်။**

တရုတ်ဘာသာစကားဖြင့် ယုကုဟု ခေါ်တွင်ပြီး ကျောက်စိမ်းယုန်ငယ်ဟု အဓိပ္ပာယ်သက်ရောက်သည့် လူမဲ့စူးစမ်းလေ့လာရေးယာဉ်အား လမျက်နှာပြင်သို့ လွှတ်တင်သွားမည်ဖြစ်ပြီး ယင်းအမည်မှာ တရုတ်ရှေးဟောင်းဒဏ္ဍာရီအရ လမျက်နှာပြင်၌ အသက်ရှင်နေထိုင်သူအဖြစ် ပြောဆိုလေ့ရှိ ဇာတ်ကောင်တစ်ကောင်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်းက တရုတ်နိုင်ငံအနေဖြင့် အာကာသစူးစမ်းလေ့လာရေးအစီအစဉ်များ၌ တိုးတက်ဖြစ်ထွန်းမှုများ အများအပြားရရှိခဲ့ပြီးဖြစ်သည်။

ယခုနှစ်ဇွန်လအတွင်းက တရုတ်အာကာသယာဉ်မှူး သုံးဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ကမ္ဘာပတ်အာကာသလမ်းကြောင်းအတွင်း ရက်သတ္တနှစ်ပတ်ကျော် ဝန်းပတ်ပျံသန်းပြီး ယင်းနိုင်ငံက လွှတ်တင်ထားသော အာကာသဓာတ်ခွဲ လေ့လာရေးအဆောက်အအုံနှင့် ချိတ်ဆက်ပျံသန်းနိုင်ခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ၂၀၀၇ခုနှစ်ကတည်းကပင် လကမ္ဘာ၏ဝန်းပတ်လမ်းကြောင်းအတွင်း လူမဲ့ အာကာသယာဉ်ကို ဝန်းပတ်ပျံသန်းစေနိုင်ခဲ့ပြီးဖြစ်သည်။

အဆိုပါ အာကာသစူးစမ်းလေ့လာရေးယာဉ်သည် လမျက်နှာပြင်နှင့် ထိခိုက်ပျက်ကျမှုမတိုင်မီ ၁၆ လတာ ကာလပတ်လုံး ပျံသန်းနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့နောက်တွင် အာကာသအတွင်းသို့ လူသားစေလွှတ်ပျံသန်းနိုင်သည့် တတိယမြောက်နိုင်ငံအဖြစ် ၂၀၀၃ ခုနှစ်ကတည်းက ရောက်ရှိခဲ့ပြီးဖြစ်သည်။ **ဘီဘီစီ။**



# အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် အဆောက်အအုံပြိုကျ လေးဦးသေဆုံး

**နယူးဒေလီ  နိုဝင်ဘာ  ၂၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ် အောဒူဂိုဒီဒေသ၌ အဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် လူလေးဦးသေဆုံးသွားကြောင်း နိုဝင်ဘာ ၂၆ရက်သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းက ပက်ဒ်မာဗွိတီအထက်တန်းကျောင်း အဆောက်အအုံ ပြိုကျခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအနက် သုံးဦးမှာ ဆောက်လုပ်ရေးအလုပ်သမားများဖြစ်ပြီး တစ်ဦးမှာ နို့စို့ကလေးတစ်ဦးဖြစ်ကြောင်း၊ အလုပ်သမားသုံးဦးမှာ ဥတ္တရာပရာဒေ့ရှ်မှဖြစ်ကြောင်း၊ ၎င်းအလုပ်သမားများမှာ မယ်လ်ကာဆင်း၊ ဘိုလာဆင်း၊ မက်ဒ်မာနှင့် နှစ်နှစ်အရွယ်ရှိ ဆာဗီသာတို့ဖြစ်ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းအဆောက်အအုံမှာ နှစ် ၄၀သက်တမ်းရှိပြီး လူနေအိမ်ငါးလုံးဖွဲ့စည်းပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ။**


## ရုံးခန်းနေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

**DYNAMIC ENGINEERING AND GENERAL TRADING CO.,LTD.**

ရုံးခန်းကို No.242, ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မှ

No.123/133 ၊ အခန်း (4-B) ၊ ၄လွှာ၊ PANSODAN BUSINESS TOWER

အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်သို့

ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်-

**Ph: 01-381228, 01-381229, 01-392665**

**Email : dynamicenegineering1@ gmail.com**









# အမျိုးသားနေ့ တို့နေ့

## ယုဝတီခင်ဦး

မြန်မာနိုင်ငံ၏အမျိုးသားနေ့ ဖြစ်ပေါ်လာပုံမှာ ၁၉၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံတက္ကသိုလ်ကော်မတီကို ဖွဲ့စည်းခဲ့ရာမှ စတင်ခဲ့သည်။ ပြင်ဆင်ရေးဆွဲထားသော ဥပဒေကြမ်းကို ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဘုရင်ခံစစ်ကောင်စီ အစည်းအဝေးတွင် တင်သွင်းခဲ့ကြသည်။ ဗြိတိသျှတို့ စိတ်ကြိုက်ခန့်ကော်မတီ၏ ဥပဒေကြမ်းကို မြန်မာနိုင်ငံမှ အမတ်များက အကျယ်တဝင့် ကန့်ကွက်ခဲ့ကြသည်။

မြန်မာတို့သည် မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုရှိစေလိုသော်လည်း ဥပဒေကြမ်းအရ ဗြိတိသျှတို့က တည်ထောင်ပေးမည့် တက္ကသိုလ်မျိုးကို မလိုလားကြချေ။ ထို့ကြောင့်ပင် တက္ကသိုလ်ဥပဒေကြမ်းထွက်ပေါ်လာကတည်းက ကန့်ကွက်လာခဲ့ကြ၏။ ဥပဒေပြုလွှတ်တော်အတွင်း၊ အပြင်ကပါ ကန့်ကွက်၍ လိုလားချက်အချို့ကို ပြတ်ပြတ်သားသားပြင်းပြင်းထန်ထန်တောင်းဆိုခဲ့ကြ၏။

ဥပဒေကြမ်းကိစ္စကို ဗြိတိသျှအောက်လွှတ်တော်အထိ ပေါက်ရောက်အောင် ထိုအချိန်က မြန်မာနိုင်ငံအုပ်ချုပ်ရေးကိစ္စ အရေးဆိုရန် လန်ဒန်တွင်ရောက်ရှိနေကြသော မြန်မာကိုယ်စားလှယ်များဖြစ်သည့် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့က အင်္ဂလိပ်မိတ်ဆွေများအား အကြောင်းကြားထားကြ၏။ မြန်မာနိုင်ငံ၌လည်း သတင်းစာများက အကြီးအကျယ်ရေးသား ကန့်ကွက်ကြသည့်အပြင် ရန်ကုန်၊မန္တလေးအစရှိသည့် မြို့ကြီးများက အစည်းအဝေးကျင်းပဆန္ဒပြခဲ့ကြသည်။

သို့ရာတွင် မြန်မာတိုင်းရင်းသားတို့အပြင်းအထန်ကန့်ကွက်နေသည့်ကြားမှ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို အတည်ပြုအကောင်အထည်ဖော်လိုက်ကြသည်။ ထိုအခါ တိုင်းပြည်ခေါင်းဆောင်ကြီးများနှင့် သတင်းစာအပေါင်းတို့က မိမိတို့ချည်း ဆောင်ရွက်ရန်ကား အထမမြောက်နိုင်၊ ကျောင်းသားများကိုယ်တိုင်ဆောင်ရွက်မှသာ အထမြောက်တော့မည်ဟု အကြံပေးရေးသားပြောကြားကြသည်။

ဤသို့နှင့် ကျောင်းသားခေါင်းဆောင်တို့သည် တက္ကသိုလ်ဥပဒေကို မြန်မာတစ်နိုင်ငံလုံးနှင့် အသင်းအဖွဲ့ခေါင်းဆောင်ကြီးတို့ အမျိုးမျိုးကန့်ကွက်၍ မရတော့သည့်အခါ ထိုတိုက်ပွဲလမ်းစကို ကျောင်းသားများကိုယ်တိုင်ဆက်လက်၍ လိုက်ပါရန် ရည်ရွယ်လာကြသည်။ မိမိတို့၏ အမျိုးသားရေးစိတ်ဓာတ်နှင့်စပ်လျဉ်းလာလျှင် အနည်းငယ်မျှ ခေါင်းငုံ့ခံနေလေ့မရှိသော သမိုင်းအစဉ်အလာကို ထိုစဉ်က ပြည်သူလူထုရော ကျောင်းသားများကပါ ဖြစ်နိုင်သည့်ဘက်က ဆန္ဒပြခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်က ပတ်ဝန်းကျင်မှာ မြန်မာနိုင်ငံအုပ်ချုပ်ရေး တောင်းဆိုမှု၊ ဝံသာနုရက္ခိတ တရားစောင့်ထိန်းမှုစသော လှုပ်ရှားမှုအဖုံဖုံတို့နှင့် ပြည့်နှက်နေသည်။ ထိုအချိန်တွင်ပင် ကျောင်းသားများကလည်း ပညာရေးကိစ္စအတွက် လှုပ်ရှားလာခဲ့ကြပေသည်။ ထိုခေတ်အခါက ကောလိပ်မှဒီဂရီဘွဲ့တစ်ခုခုရလျှင် မြို့အုပ်၊ ဝန်ထောက်အစရှိသည့် ရာထူးတစ်ခုခုရရှိရန် အာမခံပြီးဖြစ်နေသည်။ ဤသို့သော ပုဂ္ဂလိကအခွင့်အရေးများရှိနေလင့်ကစား ကျောင်းသားများက ကိုယ်ကျိုးကိုစွန့်၍ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပေသည်။ ထို့နောက် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ ဆက်လက်ဆန္ဒပြကြသည်။ ဤသို့ဖြင့် ဗြိတိသျှအစိုးရအား ဆန့်ကျင်တိုက်ခိုက်သော အကြမ်းမဖက်သည့် လူထုတိုက်ပွဲတစ်ရပ် မြန်မာနိုင်ငံတွင် ပထမဦးစွာ ပေါ်ပေါက်လာခဲ့သည်။ ဗြိတိသျှတို့၏ ကိုလိုနီကျွန်ပညာရေးကို မြေလှန်ဖြိုဖျက်၍ အမျိုးသားပညာရေးဖြင့် အစားထိုးနိုင်ရန် ရှေးဦးစွာ ကြိုးပမ်းချက်ပင်ဖြစ်တော့သည်။

ထို့နောက် ဆန္ဒပြမှုများ ကူးစက်သွားကာ အစိုးရကျောင်း၊ ခရစ်ယာန်သာသနာပြုကျောင်း၊ အထောက်အပံ့ခံကျောင်း၊ အစောင့်အရှောက်ခံကျောင်း၊ တိုင်းရင်းသားကျောင်း၊ ဝိုင်အမ်ဘီအေအသင်းများက တည်ထောင်သောကျောင်း၊ ဗုဒ္ဓဘာသာကျောင်း စသည့်ကျောင်းပေါင်းများစွာ ပါဝင်ခဲ့ကြသည်။ မြန်မာပြည်အနှံ့အပြားတွင်ရှိသော မြို့ကြီး၊ မြို့ငယ်များမှ ကျောင်းအသီးသီးတို့၏ ကျောင်းသားတို့သည်လည်း မိမိတို့ကျောင်းများမှ တညီတညွတ်တည်းထွက်ကာ ဘုန်းကြီးကျောင်း၊ ဇရပ်အသီးသီးစသည်တို့၌ စခန်းဖွင့်လျက် ဆန္ဒပြခဲ့ကြသည်။

ထို့ကြောင့် သပိတ်အရေးတော်ပုံသည် တစ်မျိုးသားလုံး၏ အရေးတော်ပုံကြီးအဖြစ် တစ်ဟုန်ထိုးဖြစ်ပေါ်ကြီးထွားလာခဲ့သည်။ ဤသို့ဖြင့် ဗြိတိသျှဗျူရိုကရက် ကိုလိုနီဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှုကြီးအထိ ကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ပေါ်လာခဲ့သည်။ မြို့တိုင်း၊ နယ်တိုင်းရှိ ကျောင်းသားများ၏ သပိတ်မှောက်မှုကို တစ်ပြည်လုံးရှိ ပြည်သူပြည်သားများက ထက်ကြပ်မကွာလိုက်ပါ၍ အကူအညီပေးနေကြသဖြင့် ပြည်သူပြည်သားများကိုယ်တိုင် ဗြိတိသျှအစိုးရကို ဆန္ဒပြနေသကဲ့သို့ ရှိတော့သည်။ ထိုစဉ်က ဆန္ဒပြသည့် ကျောင်းသူကျောင်းသားတို့ကား ပြည်သူတို့၏ သားကောင်းရတနာမျိုးဆက်သစ်များအဖြစ် ပြည်သူ့အသည်းစွဲဖြစ်နေကြသည်။

ထို့နောက် ဆန္ဒပြအဖွဲ့ခေါင်းဆောင်များသည် ဗဟန်းရှိ အားလပ်သည့်ဇရပ်တိုင်းတွင် ပထမတန်းမှ ဒသမတန်းအထိ ကျောင်းသားများအတွက် အတန်းစဉ်များခွဲကာ စတင်၍ ကျောင်းဖွင့်လေသည်။ နယ်အသီးသီးရှိ ကျောင်းသားများထံသို့လည်း ကျောင်းများဖွင့်၍ စာသင်ကြရန် ညွှန်ကြားဆောင်ရွက်ကြသည်။ အမျိုးသားကျောင်းများ တည်ထောင်ရေးကို အမျိုးမျိုးတိုင်ပင် ဆွေးနွေးခဲ့ကြသည်။

**မြန်မာတိုင်းရင်းသားတို့ အပြင်းအထန် ကန့်ကွက်နေသည့်ကြားမှ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို အတည်ပြုအကောင်အထည်ဖော်. . .**

**တိုင်းပြည်ခေါင်းဆောင်ကြီးများနှင့် သတင်းစာအပေါင်းတို့က မိမိတို့ချည်း ဆောင်ရွက်ရန်ကား အထမမြောက်နိုင်၊ ကျောင်းသားများကိုယ်တိုင် ဆောင်ရွက်မှသာ အထမြောက် တော့မည်ဟု အကြံပေးရေးသား. . .**

**တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့မှစ၍ ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို တော်လှန်အောင်မြင်သော အထိမ်းအမှတ်ဖြင့် နှစ်စဉ်နှစ်တိုင်း "အမျိုးသားနေ့"ကို မြန်မာတစ်နိုင်ငံလုံး မြို့ရွာတိုင်း၌ ဆင်ယင်ကျင်းပ. . .**

ဤကာလအတွင်းတွင် ရန်ကုန်မြို့မ တိုင်းရင်းသားကျောင်းနှင့် တိုင်းရင်းသားအထက်တန်းကျောင်းများကိုလည်းကောင်း၊ ၁၉၂၁ ခုနှစ် ဩဂုတ်လအတွင်းတွင် ဗဟန်းဦးအရိယကျောင်းတိုက်၌ အမျိုးသားကောလိပ်သိပ္ပံကျောင်းကြီးကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့အပြင် အနယ်နယ်အမြို့မြို့၌ ဖွင့်လှစ်ပြီး၊ ဖွင့်လှစ်ဆဲဖြစ်သော တိုင်းရင်းသားကျောင်းအသီးသီးတို့တွင် အမျိုးသားဆရာများနှင့် ကျောင်းသားများ လက်ချင်းတွဲ၍ တိုင်းရင်းသားကျောင်းသားများသမဂ္ဂအသင်းများကိုလည်း နေ့ချင်းညချင်းဖွဲ့စည်းခဲ့ကြသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံအနှံ့အပြား၌ရှိသော တိုင်းရင်းသားကျောင်းများ ဖွင့်လှစ်လျက် ကျောင်းတိုင်း လိုလိုလည်း တိုင်းရင်းသားအသင်းများကို ဖွဲ့စည်းတည်ထောင်ကာ အမျိုးသားပညာရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းလုပ်ဆောင်ကြသည်။ ထို့ကြောင့်ပင် အမျိုးသားရေးလှုပ်ရှားမှုသည် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ နက်ရှိုင်းစွာ ထိုးဖောက်လာနိုင်ခြင်းပင်ဖြစ်သည်။

၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ဂျီစီဘီအေအသင်းချုပ်ကြီး ကွန်ဖရင့်ကျင်းပသည်။ ထိုနေ့တွင် အုတ်ဖိုမြို့ဝိုင်အမ်ဘီအေအသင်းမှ အစိုးရနှင့် အစိုးရထောက်ပံ့ခံကျောင်းများမှ ကျောင်းသားလေးများ ထွက်၍ အမျိုးသားကျောင်းများဖြစ်မြောက်အောင် ဆောင်ရွက်နေသည်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို **(နေရှင်နယ်ဒေးခေါ် အမျိုးသားနေ့)**ဟူ၍ ဆုံးဖြတ်ရန်သင့်ကြောင်း အဆိုတင်သွင်းရာ ကွမ်းခြံကုန်းမြို့နှင့် နတ်တလင်းမြို့များမှ အသင်းကိုယ်စားလှယ်များက ထောက်ခံသဖြင့် ထိုအဆိုများကို အများသဘောတူ ဆုံးဖြတ်လိုက်လေသည်။

ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့မှစ၍ ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို တော်လှန်အောင်မြင်သော အထိမ်းအမှတ်ဖြင့် နှစ်စဉ်နှစ်တိုင်း "အမျိုးသားနေ့"ကို မြန်မာတစ်နိုင်ငံလုံး မြို့ရွာတိုင်း၌ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်တက်ကြွစွာ ဆင်ယင်ကျင်းပခဲ့ကြသည်။

(၁၁)ကြိမ်မြောက် အမျိုးသားနေ့မှစ၍ အမျိုးသားနေ့အကြောင်း လူသိများလာခဲ့သည်။ ကွယ်လွန်သူဗိုလ်ချုပ်အောင်ဆန်းသည် "ကျွန်တော်တို့လွတ်လပ်ရေးရရှိဖို့ဟာ ဒီနေ့ကြောင့်ပဲ"ဟု အသံပြဲကြီးနှင့်ပြောခဲ့သည်ကို ဖတ်ရှုမှတ်သားခဲ့ရပါသည်။ ။

# သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး အလုပ်ရုံဆွေးနွေး

**သထုံ နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကို ဆောင်ရွက်နိုင်စွမ်းရှိပြီး ဘေးဒဏ်ခံနိုင်စွမ်းမြှင့်တင်ပေးနိုင်ရေး၊ ပြည်သူများသဘာဝဘေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်အခါ ပျက်စီးဆုံးရှုံးမှုလျော့နည်းနိုင်စေရေးနှင့် ကြိုတင်ဆောင်ရွက်ရမည့်အချက်များကို သိရှိနားလည်ကြစေရေး၊ သဘာဝဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဆင့်ဆင့်ကို သိရှိနားလည်ကြစေရေးတို့အတွက် သထုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မဂ္ဂင်လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက်က သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန သထုံခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုလည်းကောင်း၊ မဂ္ဂင်လူမှုကူညီစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ဇာမောင်က ၎င်းတို့အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်နေသည့် လူမှုကူညီရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် သထုံမြို့နယ်အတွင်းရှိ ကျေးရွာ ၅၄ ရွာမှ ရပ်မိရပ်ဖ ၅၄ ဦးတို့အား သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းများကို ဆွေးနွေးပို့ချပေးပြီး အစုအဖွဲ့အလိုက် အပြန်အလှန်ဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**သက်ဦး(သထုံ)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၇-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆:၀၀ | ပရိတ်တရားတော် |
| ၇:၂၀ | ပြည်သူ့နီတိ"ရေမြင့်သည့်ကြာ ပဒုမ္မာသို့" |
| ၇:၄၅ | "နိုင်ငံ့ဝင်ငွေတိုးတက်ဖွေရှာ ရေထဲက မြန်မာ့ပုလဲရတနာ" |
| ၁၀:၃၀ | "မြတ်မျိုးမြင့်မှန်" (ပြေတီဦး၊ မေစန္ဒာစိုးညွှန့်) (ဒါရိုက်တာ ဟန်မြင့်) |
| ၄:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၅:၃၅ | "(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆီသို့ စိတ်ဓာတ်ပြင်းထန်အားနဲ့မာန် သွက်လက်လှုပ်ရှားတိုက်ကွမ်ဒိုအားကစား" |
| | -သုခုမရင်ခွင်အငြိမ့်သဘင် "မြန်မာပြည် စတားအငြိမ့်" |

# ဒုတိယဝန်ကြီး ဦးဝင်းမြင့် မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ရှိပြည်သူများနှင့် တွေ့ဆုံ၍ သန်းခေါင်စာရင်းအကြောင်းရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြား၊ ပုလဲ၊ ပေါင်းကူးဥဏ၊ လေးထောင့်ကန်၊ ရွှေနံ့သာစံပြကျေးရွာများမှ ပြည်သူများနှင့် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဆွေတို့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လူဦးရေနှင့် အိမ်အကြောင်းအရာအကြောင်း ရှင်းလင်းခြင်းအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် ရောက်ရှိပြီး ရှင်းလင်းချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ထပ်ဆင့်ရှင်းလင်းကာ ပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ရွှေပြည်သာမြို့နယ်သို့ ဆက်လက်ထွက်ခွာရာ ညနေ ၃ နာရီခွဲတွင် အမှတ်(၆)ရပ်ကွက် မြို့ဦးထန်းတပင်ဘုန်းတော်ကြီးသင် စာသင်ကျောင်းခန်းမ၌ ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းနိုင်က သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာများ၊ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့မှ မေးမြန်းမည့်မေးခွန်း ၄၁ ချက်အကြောင်း ရှင်းလင်းရာ ရှင်းလင်းချက်များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းပြီး တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ရှင်းရှင်းနှီးနှီး ပြန်လည်ဖြေကြားပြီး အခမ်းအနားကို ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများ ပြုလုပ်လျက်ရှိသည်။



ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးမြို့ရှိ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မည့်နေရာ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး (လေကြောင်း) ဦးဇင်ယော်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ရှင်းလင်းတင်ပြရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလတွင်စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပင်မလေကြောင်းဝင်ပေါက် (Major Gateway)ဖြစ်ခဲ့ပြီး အရှေ့တောင်အာရှတွင် ခေတ်အမီဆုံးလေဆိပ်တစ်ခုဖြစ်ခဲ့ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ၂၀၁၁ မှ ၂၀၁၃ ခုနှစ်အတွင်း နှစ်စဉ် ပျမ်းမျှခရီးသည်တိုးတက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းထက် ကျော်လွန်ကြောင်း၊ လက်ရှိ ခရီးသည်လက်ခံနိုင်စွမ်းမှာ ၂ ဒသမ ၇ သန်းသာရှိပြီး ၂၀၁၃ ခုနှစ်တွင် ကျော်လွန်နေပြီဖြစ်ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့တည်ဆောက်ရေးကို ၂၀၁၄ ခုနှစ်ဆန်းမှ ၂၀၁၅ ခုနှစ်နှစ်လည်အပြီး ခရီးသည်လက်ခံနိုင်စွမ်း ခြောက်သန်းအထိရရှိအောင် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်မြှင့်တည်ဆောက်ရန် တင်ဒါခေါ်ယူ၍ အဆင့်ဆင့်စိစစ်ရွေးချယ်မှုအရ Pioneer Aerodrome Services ကုမ္ပဏီကို ရွေးချယ်ခဲ့ပြီး လေဆိပ်တည်ဆောက်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ မြေအကျယ်အဝန်းအရ ခရီးသည်ခြောက်သန်းထက် ပိုမိုကိုင်တွယ်နိုင်ခြင်းမရှိကြောင်း၊ ဂျပန်နိုင်ငံမှ အတိုင်ပင်ခံ Nippon Koei အဖွဲ့၏တွက်ချက်မှုအရ ၂၀၁၅-၂၀၁၆ တွင် ခရီးသည် ၄ ဒသမ ၉ သန်းဟု ခန့်မှန်းထားသော်လည်း လက်ရှိခရီးသည် တိုးတက်မှုနှုန်းအရ ခရီးသည် ခြောက်သန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည့်မီမည်ဟု ခန့်မှန်းပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ကန့်သတ်ချက်များကြောင့် ရန်ကုန်မြို့နှင့်အနီးဆုံးတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်အသစ်တစ်ခု တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ လိုအပ်ချက်များနှင့်ကိုက်ညီသည့် ရန်ကုန်မြို့မှ မိုင် ၅၀ အတွင်း ပဲခူးမြို့အရှေ့ဘက် ကျောက်တိုက်ကန်ကျေးရွာအနီးတွင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို ၁၉၉၄ ခုနှစ် မတ် ၂၁ ရက်တွင် စတင်ပန္နက်ရိုက်အခမ်းအနား ကျင်းပခဲ့ပြီး ၂၀၀၁ ခုနှစ် ဧပြီ ၆ ရက်တွင် လေဆိပ်အဆောက်အအုံတည်ဆောက်မည့်နေရာ ပန္နက်တင်အခမ်းအနား ကျင်းပခဲ့သော်လည်း ဘဏ္ဍာရေးနှင့် အခြားအခက်အခဲများကြောင့် မတည်ဆောက်ဖြစ်ခဲ့ကြောင်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးအတွက် တင်ဒါခေါ်ယူခြင်းနှင့် အဆင့်ဆင့်စိစစ်ခြင်းတို့ကို ၉-၁၂-၂၀၁၂ မှ ၁၀-၈-၂၀၁၃ အတွင်း ဂျပန်နိုင်ငံမှ အတိုင်ပင်ခံ Nippon Koei အဖွဲ့နှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ တင်ဒါအောင်မြင်သောကုမ္ပဏီ Incheon Airport Consortium နှင့် အရန်ကုမ္ပဏီ Yongnam- CAPE-JGC Consortium တို့အား ရွေးချယ်ခဲ့ပါကြောင်း၊ တင်ဒါအောင်မြင်သော Incheon Airport Consortium အဖွဲ့နှင့် လုပ်ငန်းအကောင်အထည်ဖော်ရေး စာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ လေယာဉ်ကွင်းပိုင်ဧရိယာနယ်နိမိတ် သတ်မှတ်ခြင်းကို ပဲခူးတိုင်းဒေသကြီးရှိ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ၁၀-၇-၂၀၁၂ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၄-၇-၂၀၁၂ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ လေဆိပ်ဧရိယာ ၉၆၉၀ ဒသမ ၄ ဧက အတွင်းပါဝင်သော တပ်မြေ၊ မြို့မြေများနှင့် မလွတ်ကင်းသော ကျေးရွာများရှိ အဆောက်အအုံများနှင့် သီးနှံလျော်ကြေးငွေ၊ ရပ်ကွက်၊ ကျေးရွာသစ်များ ဖော်ထုတ်မှုအတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၅၈ ဒသမ ၁၅ သန်းအား ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တို့တွင် ဌာနမှပေးချေခဲ့ပြီးဖြစ်ပါကြောင်း၊ လေဆိပ်ဧရိယာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နေရာချထားပေးသော ပဲခူးကောလိပ်ရှေ့ရှိ မြေကွက်များသို့ ပြောင်းရွှေ့ခြင်းကို ဆောင်ရွက်ပေးခဲ့ပြီး ပြောင်းရွှေ့စရိတ် ၆၅ သန်းကိုလည်း ပေးချေပြီးဖြစ်ပါကြောင်း၊ လေဆိပ်ဧရိယာအတွင်းရှိ တပ်မြေ ၂၈၇၇ ဧကနှင့် စက်မှုဝန်ကြီးဌာနမြေ ဧက ၁၀၀ ကို ဌာနပိုင်အမည်ပေါက် ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရိယာ Control လုပ်ငန်းများအနေဖြင့် ဂိတ်တဲနှင့် ဂိတ်တံခါးဆောက်လုပ်ခြင်း၊ လေယာဉ်ကွင်းသို့ လက်ရှိအဝင်လမ်း ပြုပြင်ခြင်း၊ သဲကျောက်ထုတ်လုပ်နေသူများကို တားဆီးခြင်း၊ သဲကျောက်ကား ဝင်၊ ထွက်လမ်းများကို Excavator ဖြင့် မြောင်းတူးတားဆီးခြင်းတို့ကို သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်ရေးရရှိရေးနှင့် လေဆိပ်အဝင်လမ်း ဖောက်လုပ်ခြင်းတို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(လေကြောင်း) ဦးဇင်ယော်က လေဆိပ်တည်ဆောက်ရေးအတွက် လိုအပ်သော အခြေခံအချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ၂၀၁၆ ဒုတိယအဆင့် စီမံကိန်းတွင် ထည့်သွင်းတွက်ချက်သင့်ကြောင်း၊ လေဆိပ်တည်ဆောက်ပြီးစီးပါက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လေဆိပ်မြို့တော်(Aerocity)အဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေနှင့် တာဝန်ရှိသူများက ဆက်သွယ်ရေးကွန်ရက်ရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ လေဆိပ်အဝင်လမ်းဖောက်လုပ်ရေးတို့အတွက် ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးသည် သမိုင်းပေးတာဝန်ဖြစ်သကဲ့သို့ လက်ရှိအခြေအနေအရ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းဖြစ်ကြောင်း၊ နောင်တွင် အရှေ့တောင်အာရှ၌ အချက်အချာကျသည့် လေကြောင်းပို့ဆောင်ရေး Regional Hub တစ်ခုအဖြစ် မလွဲမသွေ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်၏ပုံစံမှာ Incheon လေဆိပ်ပေါ်တွင် အခြေခံထားကြောင်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို ၂၀၁၄ ခုနှစ် နှစ်ဆန်းမှစတင်တည်ဆောက်ပြီး ၂၀၁၈ ခုနှစ်တွင် ပြီးစီးမည်ဟု လျာထားပါကြောင်း၊ တင်ဒါအကောင်အထည်ဖော်ရေး စေ့စပ်ညှိနှိုင်းမှုအဖွဲ့အနေဖြင့် Incheon Airport Consortium နှင့် လုပ်ငန်းအကောင်အထည်ဖော်ရေး စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် လေဆိပ်တည်ဆောက်ရေးအတွက် အခြေခံလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး (လေကြောင်း)၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူများနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**(သတင်းစဉ်)**

## မီဒီယာကျင့်ဝတ်များ သတ်မှတ်နိုင်ရေး ဆွေးနွေး

**ဗန်ကောက် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Chaophya Park Hotel ၌ ကျင်းပလျက်ရှိသည့် အာဆီယံမီဒီယာကျင့်ဝတ်ဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဆက်လက်ကျင်းပခဲ့ပြီး ယနေ့တွင် အာဆီယံ မီဒီယာကျင့်ဝတ်များ သတ်မှတ်နိုင်ရေးအတွက် ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ လူမှုမီဒီယာ၊ ပညာရပ်ပိုင်းဆိုင်ရာအဖွဲ့ဟူ၍ အဖွဲ့လေးဖွဲ့ခွဲဆွေးနွေးကာ သက်ဆိုင်ရာ မီဒီယာကဏ္ဍအလိုက် မီဒီယာကျင့်ဝတ်များကို အဖြေရှာနိုင်ခဲ့သည်။

ယခု ဆွေးနွေးပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မီဒီယာကျင့်ဝတ်နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူများနှင့် တွေ့ဆုံကာ ဗဟုသုတနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန်၊ အတွေ့အကြုံနှင့် ဗဟုသုတများမှတစ်ဆင့် ဒေသတွင်း ကွန်ရက်တည်ဆောက်နိုင်ရန်နှင့် ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်ပေါ်လာသောအခါ ပိုမိုနီးကပ်စွာ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်သည်။

၎င်းဆွေးနွေးပွဲကို တာဝန်ယူကျင်းပပေးသော Thai Public Broadcasting Service (Thai PBS) သည် ထိုင်းနိုင်ငံ၏ ပထမဦးဆုံးနှင့် တစ်ခုတည်းသော ပုဂ္ဂလိကမီဒီယာတစ်ခုဖြစ်ကြောင်း သိရသည်။ **(ဝဝ၉)**



**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန**
**နေပြည်တော်ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးရန် လိုအပ်သော ဆေးဝါးများ (FDA အသိအမှတ်ပြု) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၆-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၁၂-၂၀၁၃ ရက်

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့**
**လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး**
**ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၂၅၁၁ (Ext-105)**

DPU
"English for University Entrance"

SUN FAR
TRAVELS & TOURS CO., LTD.
SUN FAR မှ
Star Cruises, Club Med, Rail Europe, Insight Vacations နှင့် Trafalgar
ONLY ONE DAY ON 1st DECEMBER

# ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြန်မာတိုင်းရင်းဆေးပညာကိုလည်း တစ်ဖက်တစ်လမ်းမှ အားကိုးအားထားပြုလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြန်မာတိုင်းရင်းဆေးပညာကိုလည်း တစ်ဖက်တစ်လမ်းမှ အားကိုးအားထားပြုလျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ဘိုးဘွားအမွေအနှစ်၊ ယုံကြည်မှု၊ ဘာသာ၊ သာသနာ၊ ရိုးရာဓလေ့များကို ခံမင်သူများဖြစ်သဖြင့် ရိုးရာတိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများကို ဒေသအလိုက် အဆင့်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှီခိုအားထားသည်ကို တွေ့မြင်ရကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသော (၁၄)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေးဦးစီးကော်မတီအစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်းရင်းဆေးဝါးများကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေများဖြင့် ထိန်းသိမ်းကာ အားပေးမြှင့်တင်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတကာတွင် ခေတ်စားလာသော အချို့တိုင်းပြည်များ၏ ရိုးရာဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာတို့ကို ပေါင်းစပ်သင့်၊ မသင့် တိုင်းရင်းဆေးပညာသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်စဉ်းစားသင့်ကြောင်း၊ မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံကို တိုင်းရင်းဆေးပညာရှင်များ အချင်းချင်း ခင်မင်ရင်းနှီးရန်၊ ညီညွတ်စေရန်၊ အတွေ့အကြုံ ဗဟုသုတများဖလှယ်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြပါရန် ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ညီလာခံဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ညီလာခံကျင်းပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်မည့်အစီအစဉ်များကို အကြံပြုဆွေးနွေးကြသည်။

မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကျင်းပခြင်းဖြင့် တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်မှုပိုမိုရရှိခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး မြင့်မားလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးအပေါ် ပြည်သူတို့၏ ယုံကြည်အားထားမှုပိုမိုရရှိခြင်း၊ မြန်မာတိုင်းရင်းဆေးတို့၏ အရည်အသွေးပိုမိုမြင့်မားလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်မှု အရေအတွက် တိုးတက်များပြားလာခြင်း စသော အကျိုးကျေးဇူးများရရှိခဲ့ခြင်းကြောင့် (၁၄)ကြိမ်မြောက် ညီလာခံကို ဒီဇင်ဘာ ၂၇ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံခြားသားစက်ဘီးစီး ဘုရားဖူးလေ့လာရေးအဖွဲ့ ကျုံဒိုးမြို့သို့ လည်ပတ်ဖြတ်ကျော်

**ကျုံဒိုးမြို့ နိုဝင်ဘာ ၂၆**

နိုင်ငံခြားခရီးသွားလေ့လာရေးဘုရားဖူးဧည့်သည်များသည် မြန်မာနိုင်ငံသို့လေ့လာလည်ပတ်ရာတွင် တစ်နှစ်ထက်တစ်နှစ်ပိုမိုလာရောက်လည်ပတ်ကြသည်ကို တွေ့ရသည်။ ကရင်ပြည်နယ်သို့ လာရောက်လေ့လာလည်ပတ်ရာတွင် ပြင်သစ်နှင့် ထိုင်းနိုင်ငံသားများ အများဆုံးလာရောက်ကြပြီး ကား၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် လည်ပတ်လျက်ရှိသည်။ နိုဝင်ဘာ ၂၅ ရက်ညနေက အိမ်နီးချင်း ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ကရင်ပြည်နယ် မြဝတီနှစ်နိုင်ငံချစ်ကြည်ရေးတံတားမှ ပြင်သစ်နိုင်ငံသား သုံးဦးသည် ကိုယ်ပိုင်စက်ဘီးများဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့သို့ ရောက်ရှိသည်။ အဆိုပါစက်ဘီးစီးအဖွဲ့သည် ဆက်လက်၍ ဘားအံမြို့သို့ သွားရောက်လေ့လာလည်ပတ်မည်ဖြစ်ရာ လိုအပ်သော အကူအညီနှင့် လမ်းညွှန်မြေပုံများကို ကျုံဒိုးဒေသခံများနှင့် နယ်မြေရဲစခန်းမှ စခန်းမှူး ဇော်နိုင်အောင်တို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(နိုင်နိုင်ထွန်း-ကျုံဒိုး)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၈း၀၆ မွေးမြူသုတ
- ၈း၃၅ ဇာတ်လမ်းတို
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒရမ်မာများရဲ့အရှင်သခင် (အပိုင်း-၁၁)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ခေတ်သစ်ချစ်သူ”(အပိုင်း-၅၀)
- ၆း၂၅ ကာတွန်းအစီအစဉ် “အာကာသသူရဲကောင်းလေးများ”(အပိုင်း-၁၅၃)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ယောကျ်ားဂုဏ်ရည်” (အပိုင်း-၂၄)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  အမျိုးသားရေးတေးကဗျာ
  ဒို့တာဝန်အရေး(၃)ပါး
  -နိုင်ငံတကာသတင်း
  -မိုးလေဝသသတင်း
  -ရယ်စရာပျော်စရာဟာသကမ္ဘာ
  -ဂီတမိုးကောင်းကင်
  -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကိုယ်ယုံကြည်သော ချစ်ခြင်းဖြင့်” (အပိုင်း-၆၁)

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်

**သရက် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် အင်းမငယ်ကျေးရွာ၊ ပေါက်ပင်ကျေးရွာနေ ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ရည်ရွယ်၍ အလှူရှင် မန္တလေးမြို့ တူးတူးလေးသကြားစက်ပိုင်ရှင် ဦးညွန့်တင်မိသားစုက မတည်လှူဒါန်းငွေ သိန်း ၂၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေဖြင့် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် အင်းမငယ်ကျေးရွာမှ သရက်-မင်းတုန်း ကားလမ်းအထိ အရှည်ပေ ၇၅၀ အား ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းများခင်းပြီးပါက အင်းမငယ်၊ ပေါက်ပင်ကျေးရွာနေပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပြီး ကုန်ကျငွေကျပ် ၅၃ သိန်း ခန့်မှန်းထားကြောင်း အင်းမငယ်ကျေးရွာ ရာအိမ်မှူးထံမှ သိရသည်။ **(နန်းမောင်)**



✱ မြို့ပြမှ
အသုံးပြုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့သော တံတားတစ်စင်းဖြစ်၍ လှိုင်သာယာမှ တွံတေးမြို့နယ်ကိုဖြတ်ပြီး ဆိပ်ကြီးခနောင်တိုအထိ ကားများဖြင့် တစ်ဆက်တစ်စပ်တည်း အချိန်တိုအတွင်းသွားရောက်နိုင်အောင် တည်ဆောက်ထားသော ခေတ်မီသံမဏိကြိုးတံတား တစ်စင်းဖြစ်ကြောင်း အထူးအဖွဲ့(၁) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဇော်ပြောကြားမှုအရ သိရသည်။

ဂင်းဆိပ်ကြီးခနောင်တိုကြိုးတံတား အရှည်သည် ပေ ၁၆၈၀ ရှည်ပြီး ချဉ်းကပ်တံတားအကျယ်မှာ ပေ ၃၀ နှင့် ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေစီနှင့် တံတားအောက် လေ့၊ သမ္ဗန်၊ သင်္ဘောကင်းလွတ်နယ်မြေအမြင့်ပေ ၄၀၊ ရေလမ်းကြောင်းအကျယ်သည် ၄၂၂ ပေအကျယ်ရှိပြီး တံတားဖြတ်သန်းခံနိုင်ဝန်ကို ၃၆ တန်အထိ ထားရှိကြောင်း သိရသည်။ သံမဏိကြိုးတံတားဖြတ်သန်းခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်က ခွင့်ပြုခဲ့သဖြင့် ဆိပ်ကြီးခနောင်တိုပြည်သူများသည် တံတားပေါ်မှ ကား ၂၆၀၀၊ ဆိုင်ကယ် ၅၂၀၀၀၊ စက်ဘီး ၄၅၀၀၀၊ ဆိုက်ကား ၁၁၀၀၊ ထော်လာဂျီ ၃၅ စုစုပေါင်း ယာဉ်ဖြတ်သန်းအသုံးပြုအကြိမ်ပေါင်း ၁၀၀၇၃၅ ရှိသည့်အပြင် နေ့စဉ်ဒေသတွင်းပြည်သူများ ဖြတ်သန်းသွားလျက်ရှိကြောင်း သိရသည်။ အဆိုပါ တံတားအား နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသုံးပစ္စည်းများနှင့် ပြိုင်ပွဲပြင်ဆင်နေမှုများ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ထိုင်းနိုင်ငံမှ G to G အစီအစဉ်အရ ပြိုင်ပွဲသုံးပစ္စည်းများလှူဒါန်းထားမှုကို ပြင်ဆင်ထားမှုနှင့် ပြိုင်ပွဲအတွက်ပြင်ဆင်နေမှုများကို Sports Authority of Thailand မှ Director of Procurement Division Mr. Chingchai Rueng U Dom ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် လာရောက်လေ့လာရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံးအစည်းအဝေးခန်းမ၌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းထားရှိပြီး ဝန်ကြီးဌာနအလိုက် တာဝန်ခွဲဝေဆောင်ရွက်နေမှု၊ ဖွင့်ပွဲ/ပိတ်ပွဲများကျင်းပမည့်အခြေအနေ၊ ပြိုင်ပွဲကျင်းပမည့်နေရာများအလိုက် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ အားကစားကွင်း/အားကစားရုံနှင့် နိုင်ငံတကာအားကစားအဖွဲ့များတည်းခိုမည့် အားကစားရွာနှင့် Hotel များတွင် Internet/WiFi အခမဲ့အသုံးပြုနိုင်ရန် ဆောင်ရွက်ထားမှု၊ နိုင်ငံတကာမှ မီဒီယာများဖိတ်ကြားထားမှု၊ မီဒီယာများအတွက် IBC၊ MPC များ ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် လေ့လာရေးအဖွဲ့သည် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဝတ်စုံပြည့် ဆန်းစစ်လေ့ကျင့်မှုကို နိုဝင်ဘာ ၂၈ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ အရှေ့တောင်အာရှနိုင်ငံများအလိုက် ကိုယ်စားပြု ဆိုင်းဘုတ်ကိုင်တိုင်းရင်းသူ တစ်ဦးနှင့် ဆန်းစစ်လေ့ကျင့်စဉ် ဝတ်ဆင်မည့် သရုပ်ပြ ဝတ်စုံကို တွေ့ရစဉ်။



# ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်အဓိပတိအဖွဲ့ စစ်ကိုင်းမြို့ ရှေးဟောင်းယိုးဒယားသိမ်တော်ကြီးသို့ လာရောက်လေ့လာဖူးမြော်

**စစ်ကိုင်း နိုဝင်ဘာ ၂၆**

နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းတွင် စစ်ကိုင်းမြို့ ကန္နားတော်ရပ်ကွက်ရှိ ရှေးဟောင်းယိုးဒယား မဟာသိမ်တော်ကြီးသို့ ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်အဓိပတိအဖွဲ့ ဒေါက်တာနီဝက်စ်နန္ဒလာ ဦးဆောင်သည့်အဖွဲ့သည် ညွန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာအောင်မြင့်နှင့်အတူ လာရောက်ဖူးမြော်လေ့လာကြကြောင်း သိရသည်။ ဒေါက်တာနီဝက်စ်နန္ဒလာဦးဆောင်သည့် ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်အဓိပတိအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦးပါဝင်ပြီး မန္တလေးဆေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့နှင့် "နှစ်နိုင်ငံ သင်ကြားရေးကိစ္စများ တိုးတက်ရေးနားလည်မှုစာချွန်လွှာ" လက်မှတ်ရေးထိုးရန်အတွက် မန္တလေးမြို့သို့ လာရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာအောင်မြင့်က ဦးဆောင်၍ ဧည့်သည်တော်ချင်းမိုင်တက္ကသိုလ်အဓိပတိအဖွဲ့အား ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသနှင့် အမရပူရမြို့ တောင်သမန်အင်း ဦးပိန်တံတားတို့သို့ လေ့လာဖူးမြော်နိုင်ကြရန် လိုက်ပါပို့ဆောင်ပေးကြောင်း၊ ယနေ့အမရပူမြို့ တောင်သမန်အင်းစောင်း လင်းဇင်းကုန်းသုသာန်ရှိ ထိုင်းဘုရင်ဟောင်း "ဥတမ်ပုံ(ကျောက်ဘွားဒေါက်မဒူးဝါး)"၏ အရိုးအိုးစေတီကို လေ့လာကြည့်ရှုခဲ့ကြပြီးနောက် စစ်ကိုင်းမြို့ရှိ ရှေးဟောင်းယိုးဒယားမဟာသိမ်တော်ကြီးသို့ လာရောက်လေ့လာဖူးမြော်ကြခြင်းဖြစ်ကြောင်း ဒေါက်တာအောင်မြင့်၏ ပြောပြချက်အရ သိရသည်။

စစ်ကိုင်းမြို့တွင် တည်ရှိသည့် ရှေးဟောင်းယိုးဒယားသိမ်တော်ကြီးသည် သမိုင်းဝင်ဝေဠုဝန်ငါးထပ်ကြီးဘုရား၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး ထူးခြားသောဗိသုကာလက်ရာများနှင့် ရှေးဟောင်းနံရံ ဆေးရေးပန်းချီလက်ရာများ တည်ရှိနေကြောင်း၊ မကြာခဏ ထိုင်းလူမျိုးခရီးသွားဧည့်သည်များ အဖွဲ့လိုက် လာရောက်လေ့လာလျက်ရှိကြကြောင်း၊ ရှေးဟောင်းယိုးဒယားမဟာသိမ်တော်ကြီးမှာ ရှေးမြန်မာဘုရင်များ လက်ထက်က စစ်ကိုင်းမြို့ လင်းဇင်းရွာတွင် နေရာချထား နေထိုင်စေခဲ့သော ယိုးဒယားလူမျိုးများက တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(နန္ဒာမင်းလွင်)**

# အရွယ်မရောက်သေးသည့် မိန်းကလေးငယ်တစ်ဦးအား သားမယားပြုကျင့်သူနှင့် ပြည့်တန်ဆာအဖြစ် ခိုင်းစေခဲ့သူများအား ပြစ်ဒဏ်များအသီးသီးချမှတ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

အရွယ်မရောက်သေးသည့် မိန်းကလေးငယ်တစ်ဦးအား သားမယားအဖြစ်ပြုကျင့်ကာ ပြည့်တန်ဆာအဖြစ် ရောင်းချခဲ့သည့် ပထွေးဖြစ်သူအပါအဝင် ဆက်စပ်ပတ်သက်သူအားလုံးကို ထိရောက်သောပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် ဩဂုတ်လလယ်ခန့်တွင်ဖျာပုံခရိုင် ဘိုကလေးမြို့နေ အသက် (၁၃)နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား ပထွေးဖြစ်သူ ဦးဝင်းနိုင်က သားမယားအဖြစ် ပြုကျင့်ခဲ့သည့်အပြင် ပြည့်တန်ဆာခေါင်းအိမ်များသို့ ပြည့်တန်ဆာအဖြစ် ရောင်းချခဲ့သဖြင့် တရားဥပဒေအရ ဆောင်ရွက်ပေးပါရန် အုပ်ထိန်းသူ အဘွားက ဘိုကလေးမြို့ အမှတ်(၇)ရပ်ကွက် လူထုအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သို့ စာဖြင့် ရေးသားအကူအညီတောင်းခံခဲ့မှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်ဖော်ထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ချက်အရ ပထွေးဖြစ်သူ ဦးဝင်းနိုင်က သားမယားအဖြစ်ပြုကျင့်ခဲ့ပြီး မော်လမြိုင်ကျွန်းမြို့ရှိ ပြည့်တန်ဆာလုပ်ကိုင်သူ သံမဏိ(ခ) ကျော်ချစ်ဦးနှင့် မမေဖူးတို့ထံ ငွေကျပ် ၂၀၀၀၀ ဖြင့်လည်းကောင်း၊ ပုသိမ်မြို့ရှိ ပြည့်တန်ဆာခေါင်း ထွန်းထွန်းနှင့် မဇာလွင်မြင့်တို့ထံ ငွေကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း ရောင်းချခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ တရားခံဝင်းနိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်နှင့် ပုဒ်မ ၃၇၂ အရ ထောင်ဒဏ် ၁၀ နှစ်တို့ကို သီးခြားစီကျခံစေရန် ဖျာပုံခရိုင်တရားရုံးက ဇန်နဝါရီ ၈ ရက်တွင် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး သံမဏိ (ခ) ကျော်ချစ်ဦးနှင့် မမေဖူးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကို ဩဂုတ် ၉ ရက်တွင်လည်းကောင်း၊ တရားခံထွန်းထွန်းနှင့် မဇာလွင်မြင့်တို့အား ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေပုဒ်မ ၈(၁)နှင့် ၅(၁)တို့ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်စီကို ပုသိမ်မြို့နယ် တရားရုံးက နိုဝင်ဘာ ၅ ရက်တွင် လည်းကောင်း အသီးသီးချမှတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ **ကော့သောင်းမှ**

ပင်လယ်ရေခူ(Jelly-fish) သည် မိုးအကုန်ဆောင်းအကူး နိုဝင်ဘာလတွင် ပင်လယ်ရေစီးကြောင်း ပြောင်းလဲလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင်အထက်သို့ တက်လာကြသဖြင့် ပင်လယ်မျက်နှာပြင်ထက်တွင် ဖွေးဖွေးလှုပ်မျှမျောပါကူးခတ်နေကြရာ ဒေသနေရေလုပ်သားများ ခပ်ယူစုဆောင်းရောင်းချကြသည်။

ရေခူ (Jelly-fish) အစိုတစ်လုံးလျှင် ထိုင်းဘတ်ငွေ သုံးဘတ်မှ လေးဘတ်အထိရောင်းချကြပြီး ရေခူခပ်လှေငယ်တစ်စင်းလျှင် လုပ်သားနှစ်ယောက်လုပ်အားဖြင့် တစ်နေ့လျှင် ရေခူအလုံးရေ ၆၀၀ မှ ၈၀၀ အထိ ခပ်ယူရရှိရာ လုပ်သားတစ်ဦး တစ်နေ့ဝင်ငွေကျပ် တစ်သိန်းကျော်အထိ ရရှိကြသည်။ မြန်မာနိုင်ငံ တောင်ဘက်ပိုင်း ပင်လယ်ဝန်းရံထားသော ကော့သောင်းမြို့သည် ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ရာသီဥတု ဆိုးရွားလှသဖြင့် ပင်လယ်ထွက်ငါးဖမ်းခြင်းလုပ်ငန်းများ မလုပ်နိုင်ကြသည့် ရေလုပ်သားများ ရာသီပေါ်ရေခူခပ်ယူသည့် အလုပ်အကိုင်အခွင့်အလမ်းကြောင့် ဝင်ငွေတိုး၍ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## သွေးသည်အသက်











## တစ်နှစ်တာအကောင်းဆုံးအနုပညာရှင်ဆု တတိယအကြိမ်ရရှိခဲ့သည့် တေလာဆွတ်ဖ်



၂၀၁၃ ခုနှစ်အတွင်း ထွက်ရှိခဲ့သည့် အကောင်းဆုံးတေးအယ်လ်ဘမ်များနှင့် ရေပန်းအစားဆုံးအနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်သည့် အမေရိကန်ဂီတဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ နိုကီရာပြဇာတ်ရုံ၌ ကျင်းပခဲ့ရာ တစ်နှစ်တာအကောင်းဆုံးအနုပညာရှင်ဆုကို တေးသံရှင် တေလာဆွတ်ဖ်က တတိယအကြိမ်အဖြစ် ထပ်မံရရှိခဲ့သည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် တေလာဆွတ်ဖ်က အကြိုက်ဆုံးအမျိုးသမီးကန်းထရီးတေးသံရှင်ဆု၊ RED အယ်လ်ဘမ်ဖြင့် အကြိုက်ဆုံးကန်းထရီးအယ်လ်ဘမ်ဆု၊ အကြိုက်ဆုံး အမျိုးသမီးပေါ့ပ်/ရော့ခ်တေးသံရှင်ဆု စသည့် ဆုအမျိုးအစားလေးဆုကိုရရှိခဲ့ကာ ဗြိတိန်ဂီတအဖွဲ့ One Direction က Take Me Home အယ်လ်ဘမ်ဖြင့် အကြိုက်ဆုံးပေါ့ပ်/ရော့ခ်အယ်လ်ဘမ်ဆု အပါအဝင် ဆုနှစ်မျိုးရရှိခဲ့သည်။ ထို့အပြင် ကမ္ဘာ့ဂီတလောက၏ ပေါ့ပ်ဂီတ၌ ဩဇာလွှမ်းမိုးမှုအရှိဆုံးဆုကို တေးသံရှင် ရီဟန်းနားကလည်းကောင်း ရရှိခဲ့သည်။

RED အယ်လ်ဘမ်သည် တေလာဆွတ်ဖ်၏ ယခင်ထွက်ရှိပြီးခဲ့သော မည်သည့်အယ်လ်ဘမ်နှင့်မျှ မတူဘဲ အလွန်ထူးခြားအောင် ပြုလုပ်ထားခဲ့ပါကြောင်း၊ အဆိုပါ အယ်လ်ဘမ်ထွက်ရှိချိန်တွင်လည်း ပရိသတ်များ၏တစ်ခဲနက် ဝယ်ယူအားပေးမှုကြောင့် ရောင်းအားအကောင်းဆုံးစာရင်းဝင်ခဲ့ပါကြောင်း၊ ယခုတစ်ဖန်လည်း ဆုထပ်မံရရှိလိမ့်မည်ဟု မျှော်လင့်မထားပါကြောင်း တေးသံရှင် တေလာဆွတ်ဖ်က ဆုပေးပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

## ဖိလစ်ပိုင်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများအတွက် ဂီတကြယ်ပွင့်များ ရန်ပုံငွေရှာဖွေလှူဒါန်း

ယခုလအစောပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ တိုက်ခတ်ခဲ့သည့် ဟိုင်ယန်တိုင်ဖွန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများအတွက် အမေရိကန်ဂီတကြယ်ပွင့်များက ၎င်းတို့၏ တေးသီချင်းများကို အယ်လ်ဘမ်တစ်ခု ဖန်တီးကာ ရောင်းရငွေများကို ရန်ပုံငွေအဖြစ် အသုံးပြုသွားရန် စီစဉ်နေကြောင်း သိရသည်။

နာမည်ကြီး အနောက်တိုင်းဂီတအနုပညာရှင်များဖြစ်ကြသည့် ဘီယွန်စေး၊ ဘရူနိုမားစ်၊ ယူတူး စသည့် အနုပညာရှင် ၃၉ ဦးက ၎င်းတို့၏ တေးသီချင်းများကို iTunes Store ၌ တနင်္လာနေ့မှစတင်ကာ ဝယ်ယူနားဆင်နိုင်မည်ဖြစ်ပြီး ရရှိလာမည့် အမြတ်အစွန်းများကို အနုပညာရှင်များ၊ တေးသံသွင်းကုမ္ပဏီများနှင့် ထုတ်လုပ်သူတို့က ဖိလစ်ပိုင်ကယ်ဆယ်ရေးစခန်းရှိ ကြက်ခြေနီအဖွဲ့သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်**
**ရေးသားသည်**

## အသင်း၏အဓိကကစားသမားတစ်ဦးအဖြစ် ပေါ်ထွက်လာခဲ့သည့် အာရွန်ရမ်ဆေး၏ ခြေစွမ်းအပေါ် ဝင်းဂါးဝမ်းမြောက်



အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် အာရွန်ရမ်ဆေးသည် ပြီးခဲ့သည့်ရာသီက အသင်းအတွက် အောင်မြင်မှုရရှိစွမ်းဆောင်ပေးနိုင်ခဲ့သည့် အဓိကကစားသမားတစ်ဦးအဖြစ် နာမည်မကြီးခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင်မူ အာဆင်နယ်အောင်မြင်မှုအတွက် မရှိမဖြစ်အရေးပါလာသော ကစားသမားတစ်ဦးခြေစွမ်းမျိုးကို မြင်တွေ့လာရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး အာဆင်နယ်အသင်းအနေဖြင့် ချန်ပီယံပြိုင်ပွဲတွင်လည်း ၁၆ သင်းအဆင့်တက်လှမ်းနိုင်မည့် အလားအလာကောင်းတစ်ခုလည်း ပိုင်ဆိုင်ထားပြီဟု ဆိုရမည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ အာဆင်နယ်အသင်း၏အောင်မြင်မှုတွင် ကွင်းလယ်ကစားသမား ရမ်ဆေးသည် ၁၁ ဂိုးအထိသွင်းယူပေးထားနိုင်ခြင်းကြောင့် အသင်း၏ အားထားရသော ကစားသမားတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရပြီး လက်ရှိအချိန်အထိ ပြိုင်ပွဲအရပ်ရပ်တွင် ၂၂ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၁၃ ဂိုး၊ ဖန်တီးပေးနိုင်မှု ငါးကြိမ်အထိ စွမ်းဆောင်ပေးထားနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

## ချန်ပီယံလိဂ်တွင်ကစားရန် ကာဘာရီဆန္ဒရှိနေ

နယူးကာဆယ်ကွင်းလယ်ကစားသမား ယိုဟန်ကာဘာရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်း၏ ကမ်းလှမ်းမှုကိုခံခဲ့ရသော်လည်း ပြောင်းရွှေ့ကစားခဲ့ခြင်းမရှိခဲ့ဘဲ လက်ရှိတွင်မူ ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတစ်သင်းတွင် ကစားလိုကြောင်း ဖွင့်ဟပြောကြားလာသည်။

ကွင်းလယ်ကစားသမားကာဘာရီအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ နယူးကာဆယ်အသင်းတွင် ဆက်ရှိနေမည်ဟု ကတိကဝတ်ပြုပြောကြားခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတစ်သင်းက ခေါ်ယူမည်ဆိုပါက နယူးကာဆယ်မှထွက်ခွာမည်ဟုလည်း ဆိုသည်။

ပြင်သစ်ကြယ်ပွင့်ကာဘာရီသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ် ၁၀ ပွဲကစားပေးထားပြီး နှစ်ဂိုးသွင်းယူပေးထားသည်။ ကာဘာရီသည် လိုင်လီအသင်းနှင့်အတူ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီက ချန်ပီယံလိဂ်ကစားခွင့် ရရှိခဲ့သည့်အချိန်မှစ၍ ချန်ပီယံလိဂ်ကစားခွင့်များနှင့် လွဲနေခဲ့ရသူဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ကာဘာရီအနေဖြင့် ဥရောပ၏ထိပ်တန်းအဆင့်ရှိ ကလပ်အသင်းတစ်သင်းနှင့်အတူ ချန်ပီယံလိဂ်တွင် ကစားခွင့်ရရှိရန် မျှော်လင့်ထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ငွေကြယ်**






### ချစ်အစ်ကိုကြီး "ကိုစည်သူထွန်း"အတွက် မွေးနေ့မင်္ဂလာဆုတောင်း

မွေးနေ့ရက်မြတ် ၂၇-၁၁-၂၀၁၃ရက်မှသည် နောင်မွေးရက် များစွာကို စိတ်ကျန်းမာ၊ ကိုယ်ချမ်းသာလျက် ချစ်သော မေမေ၊ ချစ်ညီလေး၊ ချစ်ညီမလေး တို့နှင့်အတူ သာယာဖြောင့်ဖြူးစွာ ဖြတ်သန်းနိုင်ပါစေ။

**ချစ်မေမေ** - **ဒေါ်နန်းခင်အုန်း**
**ချစ်ညီလေး** - **ဗိုလ်ကြီးချမ်းမြေ့ထွန်းနှင့် မခတ္တာဖူးအောင်**
**ချစ်ညီမလေး** - **ဗိုလ်မှူး/ဗိုလ်ကြီး ဇေယျာမြင့်သိန်းနှင့် မဝင့်မွန်ထွန်း**
















ဆောင်းပါး

# စာဆိုတော်နေ့အကြို

ချစ်နိုင် (စိတ်ပညာ)

ပြက္ခဒိန်ကိုကြည့်လိုက်ပါ။ ခရစ္စမတ်နေ့၊ လွတ်လပ်ရေးနေ့၊ နှစ်သစ်ကူးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ ကမ္ဘာ့ကျန်းမာရေးနေ့ စသည် စသည်နေ့ရက်များရှိကြပါသည်။ အထိမ်းအမှတ်နေ့များသည် အင်္ဂလိပ်ပြက္ခဒိန်အရ မှတ်သားကြသည်။ မြန်မာရက်ဖြင့် သတ်မှတ်သောနေ့က အနည်းငယ်မျှသာရှိလေသည်။ ဥပမာ အဘိဓမ္မာအခါတော်နေ့၊ သတင်းကျွတ်လပြည့်နေ့၊ ဥပုသ်နေ့။

အနောက်တိုင်းမှ အမှတ်တရနေ့အချို့လည်း ကမ္ဘာ့ရွာခေတ်မှာ မြန်မာပြည်သို့ကူးစက်ရောက်ရှိလာသည်။ "ချစ်သူများနေ့"တဲ့။ ကမ္ဘာပေါ်တွင် အခြားတိုင်းပြည်များက မကျင်းပကြသော နေ့ထူးနေ့မြတ် အမှတ်တရနေ့တစ်နေ့ မြန်မာပြည်သူတို့က သတ်မှတ်ကျင်းပလေ့ရှိကြသည်။ ထူးခြားသည်။ ဂုဏ်ယူဖွယ်ဖြစ်သည်။ နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့။ ယခုနှစ်မှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက် (အင်္ဂါနေ့)တွင် ကျရောက်ပေသည်။

ယခုနှစ်၃-၁၂-၂၀၁၃ ရက်နေ့မှာကျင်းပသော စာဆိုတော်နေ့သည် (၆၉)နှစ်မြောက် စာဆိုတော်နေ့ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဂျပန်ခေတ် ၁၉၄၄ ခုနှစ်မှာ ပထမအကြိမ် စာဆိုတော်နေ့ကို စတင်သတ်မှတ်ကျင်းပခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ဂျပန်ခေတ် ပညာရေးဝန်ကြီး ဦးလှမင်းနှင့် ထိုအချိန်က "မြန်မာနိုင်ငံစာရေးဆရာများအသင်း" အလုပ်အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများဖြစ်ကြသော ဒီးဒုတ်ဦးဘချို၊ သူကြီးဂေဇက် ဦးမောင်မောင်၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မြို့မဆရာဟိန်း၊ ဦးသိန်းဟန် (ဆရာဇော်ဂျီ)၊ ဦးကောင်း၊ ဇဝန စသောပုဂ္ဂိုလ်များက ညှိနှိုင်းသတ်မှတ်ခဲ့ကြခြင်းဖြစ်၏။ မြန်မာနိုင်ငံစာရေးဆရာများအသင်း ၁၉၄၀ ပြည့်နှစ်မှာဖွဲ့စည်းပြီး လေးနှစ်အကြာမှာ သတ်မှတ်ခဲ့ခြင်းဖြစ်၏။ ပထမဆုံးစာဆိုတော်နေ့တွင် "စလေဦးပုည၏ ဝိဇယပြဇာတ်"ကို စာရေးဆရာများကိုယ်တိုင် သရုပ်ဆောင်၍ စင်တင်ကပြကြ၏။ ရွှေညာမောင်၊ သုခ၊ ဇဝန၊ ဒဂုန်နတ်ရှင်စသော စာရေးဆရာများပါဝင်၏။ ပြဇာတ်ကပြခြင်း၊ သက်ကြီးစာပေပညာရှင်များကို ပူဇော်ကန်တော့ခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲစသော စာပေပြိုင်ပွဲများ ကျင်းပဆုပေးခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခြင်းတို့ကို နှစ်စဉ်မပျက်ခေတ်အဆက်ဆက်ပင် ရန်ကုန်မှာသာမက အမြို့မြို့အရွာရွာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာ ကျင်းပလာခဲ့ကြပေသည်။

ယနေ့အထိ မြန်မာနိုင်ငံစာရေးဆရာများ၊ သတင်းစာဆရာများ၊ စာအုပ်စာပေထုတ်ဝေသူများ၊ ပုံနှိပ်သူများ၊ စာပေလုပ်ငန်းဖြင့်အသက်မွေးကြသူများသည် နှစ်စဉ် "စာဆိုတော်နေ့၊ စာပေသက်ကြီးပူဇော်ပွဲ"ကို ယခုနှစ်အထိ မပျက်မကွက် အစဉ်အဆက် ကျင်းပလာခဲ့ကြသည်မှာ ဆယ်စုနှစ် အတော်ကြာခဲ့ပါချေပြီ။

မြန်မာပြည်သူတို့၏ စာပေကိုတန်ဖိုးထားမြတ်နိုးတတ်ပုံမှာ အထူးပင်ချီးကျူးချင်စရာကောင်းပါသည်။ မြန်မာလူမျိုးတို့၏ ကျေးဇူးသိတတ်သောယဉ်ကျေးမှုမှာလည်း နိုင်ငံတကာက လေးစားလောက်စရာဖြစ်ခဲ့ပါသည်။ စာဆိုတော်နေ့ စာပေသက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့တော်ခန်းမ၌ နှစ်စဉ်ကျင်းပလာခဲ့ကြသည်ကလည်း ပြည်သူအများနှင့် အစိုးရ၏ စာပေကိုမြတ်နိုးလေးစားခြင်းနှင့် စာဆိုတော်များ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုခြင်းသဘောလက္ခဏာဆိုနိုင်ပါသည်။ ယခင်နှစ်အထိ အကန်တော့ခံ စာပေသက်ကြီးပုဂ္ဂိုလ်များကို တစ်ဦးလျှင်ငွေကျပ်နှစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများပူဇော်ခဲ့ကြ၏။

ယခုနှစ်မှာ အကန်တော့ခံစာပေသက်ကြီးပညာရှင် အသက် ၈၀ ကျော်ပြီးသူများမှာ ၂၅၀ ရှိပေသည်။ ရန်ကုန်မြို့မှာသာမက နိုင်ငံတစ်ဝန်းမှာနေထိုင်ကြပေသည်။ လှူဒါန်းငွေချည်း ကျပ်သိန်း ၅၀၀ လိုအပ်ပါမည်။ ယမန်နှစ်ကထက်မနည်းအောင် လှူဒါန်းပူဇော်ကန်တော့နိုင်ရန် စာပေမြတ်နိုးသူများက ရည်သန်ကြလေသည်။ စာပေရေးသား၊ ထုတ်ဝေ၊ ပုံနှိပ်ဖြန့်ချိခြင်းနှင့်ဆိုင်သော မည်သည့်အသင်းအပင်း၊ အဖွဲ့ အစည်း၊ သမဂ္ဂ၊ အုပ်စု၊ ကွန်ရက်ဖြစ်စေ ပါဝင်ကူသိုလ်ပြုနိုင်ကြပေသည်။ ကျွန်ုပ်တို့အားလုံး၏ ကူညီသော စိတ်ထားမှာ စာဆိုတော်နေ့တွင် စာပေကျေးဇူးရှင်များ၏ ဂုဏ်ကျေးဇူးကို အမှတ်တရကျေးဇူးတင်ကြခြင်းပင်ဖြစ်လေသည်။ မည်သူမဆို ထည့်ဝင်လှူဒါန်းနိုင်ပေသည်။ မြန်မာနိုင်ငံစာရေးဆရာများအသင်း ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့် ဒုတိယထပ်ရုံးခန်းမှာ လက်ခံသည်။ စာပေ၏ ကျေးဇူးဂုဏ်ကလည်း လူတိုင်းအတွက် ဖော်ပြ၍ မကုန်နိုင်အောင် ကြီးမားလှပါသည်။ လူတို့သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်သန်းကျော်က စကားကို စတင်တတ်မြောက်ခဲ့ကြသည်။ စကားကြောင့် လူလူချင်းဆက်ဆံရေးမှာ များစွာ ထိရောက် ချောမွေ့စေသည်။

စကားပေါ်ပေါက်သော လူသားများသည် ယဉ်ကျေးမှုအဆင့်များစွာ မြင့်မားပြောင်းလဲသွား၏။ လူအချင်းချင်း စုစည်းခြင်း၊ ဆက်သွယ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အုပ်စုကိုကွပ်ကဲခြင်းတို့ လုပ်ဆောင်ဖွံ့ဖြိုးလာစေသည်။ ကျေးရွာအုပ်စုတည်ထောင်မှုကို ဖြစ်စေခဲ့သည်။

စာပေ၊ ဘာသာအရေးအသား၊ ပေါ်ပေါက်လာသော လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀ ၏ ဒီဘက်ပိုင်းတွင်ကား လူသားသည် စာပေရေးသားတတ်ခြင်း၏ စွမ်းအားတန်ခိုးကြောင့် မြို့ပြနိုင်ငံများထူထောင်နိုင်ပြီး မိုးပျံ့ဥယျာဉ်ကြီးများ၊ ထူးခြားဆန်းကြယ်သော လက်မှုပစ္စည်းနှင့် အနုပညာလက်ရာများ ဖန်တီးနိုင်သည်အထိ ခေတ်ကိုပြောင်းလဲစေနိုင်ကြောင်း တွေ့ကြရသည်။ ဘေဘီလုံယဉ်ကျေးမှု၊ အီဂျစ်၊ အိန္ဒိယ၊ တရုတ်ယဉ်ကျေးမှု စသည်တို့သည် အရုပ်သင်္ကေတမှ စာဖြစ်ပေါ်ပြောင်းလဲလာကြသည်အထိ အဆင့်ဆင့်တိုးတက်လာသည်။ ကျောက်စာ၊ ပေစာမှ စာရွက်၊ စက္ကူ ပုံနှိပ်စက်၊ စက်မှုနှင့် နည်းပညာထွန်းကားသော ၁၇ ရာစု နောက်ပိုင်းတွင် ဥရောပသည် ခေတ်သစ်တစ်ခုကို ဦးဆောင်ခဲ့လေသည်။ စာအုပ်စာပေ၏အကျိုးကြောင့် အသိအမြင် ဗဟုသုတစူးစမ်းလေ့လာမှုများ အားကောင်းခဲ့လေသည်။

ဆရာရန်အောင်က "စကားဟူသည် နှုတ်ဖြင့်ရေးသောစာ၊ စာပေဟူသည် လက်ဖြင့်ပြောသော စကားသာလျှင် ဖြစ်ပါသတည်း"ဟု ရေးခဲ့ဖူးပါသည်။ လူသားသည် စကားကို စာပေအဖြစ် ရေးမှတ်ဖတ်ရှုနိုင်သော အခြေအနေတွင် ကြောင်ကို အတောင်ပံတပ်သကဲ့သို့ ခေတ်သစ်များဆီသို့ ရွေ့လျားစေခဲ့ပါသည်။ "စာပေဟူသည် ဘာသာစကားကို ကောင်းစွာအသုံးပြုထားသော အရာဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ မြန်မာစာပေသည် (၁၁) ရာစုမှာ စတင်ထွန်းကားသည်။ စကားပြေအားကောင်းသည်။ ပုဂံခေတ်တွင် ကဗျာ၊ လင်္ကာထက် စကားပြေက ပိုမိုထင်ရှားစွာတွေ့ရသည်။ အင်းဝခေတ်ရောက်သော် ကဗျာလင်္ကာများ သိသာစွာထွန်းကားလာသည်။ ပျို့ကဗျာများ ပေါ်ပေါက်ခဲ့သည်။

မြန်မာစကားသည် တိဗက်တိုဘားမင်းအုပ်စု စကားအုပ်စုမှာပါသော ဘာသာစကားဖြစ်သည်။ အသံတစ်ခုချင်း အဓိပ္ပာယ်ထွက်စေနိုင်သည်။ အသံပြတ်၊ အသံလတ်၊ အသံရှည်များပါဝင်သည်။ မြန်မာစာသည် အိန္ဒိယပြည်၌ ခရစ်တော်မပေါ်မီ နှစ် ၇၀၀ ခန့်မှ စတင်ပေါ်ပေါက်ပြီး အေဒီ ၃၀၀ ကျော်အထိ ထွန်းကားခဲ့သော တောင်ပိုင်းအိန္ဒိယနယ်သုံး ဗြဟ္မီအက္ခရာမှ ဆင်းသက်ပေါက်ဖွားသည်။ နီပေါ၊ တိဗက်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ဆင်ဆင်တူသော်လည်း ကိုယ်ပိုင်အက္ခရာသီးခြားလက္ခဏာရှိလေသည်။ အိန္ဒိယတောင်ပိုင်းသုံး တေလုဂူကနဒီအက္ခရာမှ ပျူအက္ခရာ၊ မွန်အက္ခရာနှင့် မြန်မာအက္ခရာတို့ ဆင်းသက်လာခဲ့ကြသည်ဟု ပညာရှင်တို့က ဆိုကြသည်။ ရှေးမြန်မာတို့သည် အေဒီ ၅ ရာစုခေတ်ကပင် (သရေခေတ္တရာ၊ ပျူခေတ်)မြို့ဟောင်းများ တူးဖော်တွေ့ရှိချက်အရ ကျောက်စာမှတ်တမ်းများ ရေးသားခဲ့ကြောင်း အခိုင်အမာ တွေ့ကြရသည်။

သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ တကောင်း စသော ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် စသည်တို့မှ ယနေ့တိုင်အောင် မြန်မာများသည် စာပေရေးသားခြင်း၊ စာပေဖတ်ရှုခြင်းတို့၌ နှလုံးမွေ့လျော်တတ်ကြသည်။

စာတတ်ကြသည်။ ကျား /မ မခွဲစာသင်ကြသည်။

စာဖတ်ကြသည်။ ကျောက်စာ၊ ပေစာများစွာ ရေးသားကြသည်။ ကိုလိုနီခေတ် ဗြိတိသျှအစိုးရ၏ လက်အောက်သို့(၆၂)နှစ်ကြာမျှ လွတ်လပ်ရေးဆုံးရှုံးခဲ့ရစေကာမူ မြန်မာလူမျိုး အမျိုးသား၊ အမျိုးသမီးတို့သည် (၁၉) ရာစုက အင်္ဂလန်ရှိ အင်္ဂလိပ်လူမျိုးများထက်ပင် စာတတ်မြောက်သူဦးရေ (စာတတ်မြောက်နှုန်း)ပိုမိုများသေးကြောင်း ဗြိတိသျှ လေ့လာချက်များအရ သိခွင့်ရသည်။ သူတို့က အံ့ဩလေးစားကြသည်။

စာပေထွန်းကားသော လူမျိုးသည် ယဉ်ကျေးမှုအဆင့်အရောင်တန်ခိုးမညှိုးမှိန်နိုင်ပေ။

စာပေထွန်းကားသဖြင့် ဥရောပသည် စက်မှုခေတ်၊ သိပ္ပံခေတ်ကို အစောဆုံးရောက်၍ ချမ်းသာကြွယ်ဝကြသည်။ လီယိုတော်စတွိုင်းနှင့် မက္ကဇင်ဂေါ်ကီတို့၏အလင်းရောင်ထွန်းညှိသော စာပေများကြောင့် ရုရှားတွင် အောက်တိုဘာတော်လှန်ရေးပေါ်ပေါက်ကာ အင်အားကောင်းသော ဆိုဗီယက်ရုရှားပြည်ထောင်စု ထူထောင်နိုင်ခဲ့သည်။

ရာဘင်ဒြာနတ်တဂိုး၊ မဟတ္တမဂန္ဒီတို့၏ စာပေအကျိုးဆက်ဖြင့် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရအောင် ကြိုးပမ်းနိုင်ခဲ့ကြပေသည်။

ဒေါက်တာလူရွှန်း၊ ကူမိုးကြိုး၊ မော်စီတုံးတို့၏ လှုံ့ဆော်မှုစာပေများကြောင့် ဖရိုဖရဲပြိုကွဲနေသော တရုတ်ပြည်သူအပေါင်းသည် ၁၉၄၉ ခုနှစ်တွင် လွတ်လပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်နိုင်ခဲ့သည်။

ဆီးဘန်းနီဆရာတော်၊ အချုပ်တန်းဆရာဘေ၊ မောင်းထောင်ဦးကျော်လှ၊ ကျပင်းဆရာဖိုး၊ သခင်ကိုယ်တော်မှိုင်း၊ မဟာဆွေ၊ သခင်ဘသောင်း စသည့်မျိုးချစ်စာဆိုတော်များ၏ သခင်မျိုးဟေ့ တို့ဗမာ သွေးထိုးလှုံ့ဆော်မှုအရှိန်အဟုန်ဖြင့် သခင်အောင်ဆန်းခေါင်းဆောင်သော လူငယ်များသည် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို အောင်မြင်သည်အထိ ဆင်နွှဲနိုင်ခဲ့ကြပေသည်။

အမျိုးဂုဏ် ဇာတိဂုဏ်ကို စာပေဖြင့် မြှင့်တင်ခဲ့ကြသော သုတရသ စာရေးဆရာများ၏ကျေးဇူးကြောင့် မြန်မာလူမျိုးတို့သည် အစဉ်အလာယဉ်ကျေးမှုမြင့်မားသော တိုင်းပြည်ကြီးသားများအဖြစ် ယနေ့နိုင်ငံတကာနှင့် အရှေ့တောင်အာရှနိုင်ငံများကပါ ချစ်ခင်လေးစားခြင်းကို ခံယူရရှိနေပေသည်။

စာပေမြတ်နိုးသူ မြန်မာပြည်သားအားလုံးသည် စာဆိုတော်နေ့ကို အမှတ်တရပါဝင်ဂုဏ်ပြုကြလျက် ပျော်ရွှင်ကြည်နူးစွာ ကျင်းပကြပါလိမ့်ဦးမည်။ မိမိတို့မြို့၊ ရွာ၊ ရပ်ကွက်အလိုက် စာပေပြိုင်ပွဲနှင့် ဆုပေးပွဲ၊ စာပေဟောပြောပွဲ၊ ကပွဲ၊ သီဆိုပွဲ၊ စာပေသက်ကြီးပုဂ္ဂိုလ်တို့အား ပူဇော်ပွဲများကို အသီးသီးတတ်စွမ်းသမျှ စုပေါင်းညီညာဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့မြန်မာတို့သည် ဂျပန်ခေတ်မှာပင် "စာဆိုတော်နေ့"ကို ၁၉၄၄ ခုနှစ်က မဖြစ်မနေ ကျင်းပခဲ့ကြသည် မဟုတ်ပါလော။ ■




## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ရွှေသံလွင်ကွန်ဒိုနေ
(ဦးဘာလေ-ဒေါ်မီမီလှ)တို့၏သားထွေး၊ ဒေါ်စိန်မြမြ(ခ) ဒေါ်အေးအေး၏တူသား၊

မောင်ဇေယျဗိုလ်

**B.E (Civil), B.Sc (Computer Science)**
**London College of Computing and Management Science**
**Blue Diamond River Transport**

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်းနေ
ဦးမြင့်အောင်-ဒေါ်ချစ်သန်းတို့၏သမီးထွေး၊

မအိရွှေစင်အောင်

**B.A (Business Management)**

တို့၏ ၂၂-၁၁-၂၀၁၃ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၊ မင်းကွန်းတိပိဋကကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးခြင်းနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်အားလည်းကောင်း၊ ၂၅-၁၁-၂၀၁၃ ရက် (တနင်္လာနေ့)တွင် Sedona Hotel Grand Ballroom တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး (ငြိမ်း)နှင့် ဇနီး ဒေါ်ခင်နှင်းဝေတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ပြည့်စုံ (ဝန်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်အေးပြည့်ဝေခင် (ပြည့်ဝေသျှန်ရတနာရွှေဆိုင်)တို့အားလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဘိသိက်သွန်းလောင်းပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီကြွေးပေးပါသော မပန်းအိဖြူအားလည်းကောင်း၊ THE ACES BAND တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မကြယ်စင်ရွှေပြည်၊ မသီရိရွှေပြည်၊ မရတနာဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မခိုင်နိုနိုဇွန်၊ သတို့သားအရံများအဖြစ် မောင်ပိုင်ဆက်အောင်၊ မောင်ပြည့်ဖြိုးအောင်၊ သတို့သမီးအရံများအဖြစ် ဒေါက်တာဆုအေးလင်း၊ မအိမ့်မြတ်နိုးသူတို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများကို မေတ္တာဖြင့် ဆင်မြန်းပေးပါသော ဆရာမ ဒေါ်မြင့်မြင့်အေးအားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှဆင်ပေးသော AROMA ZULU STUDIO အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ စိတ်တိုင်းကျဖန်တီးပေးပါသော DAGON PRINTING (INVITATION CARDS)အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော နီနီပွဲ့ငွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျဗိုလ်-မအိရွှေစင်အောင်

## အထက(၂) မိတ္ထီလာတွင် သံဖရိန်အသုံးပြုထားသည့် ကျောင်းဆောင်သစ်နှစ်ဆောင်တည်ဆောက်

**မိတ္ထီလာ နိုဝင်ဘာ ၂၆**

အထက(၂)မိတ္ထီလာတွင် ကျောင်းသား ကျောင်းသူ အရေအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး ကျောင်းဆောင်သစ်လိုအပ်ချက်အရ တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် သံဖရိန်အသုံးပြုထားသည့် ကျောင်းဆောင်သစ်နှစ်ဆောင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"အလျားပေ ၉၀၊ အနံပေ ၃၀ စာသင်ခန်းသုံးခန်းစီ ပါဝင်တဲ့ ကျောင်းဆောင်သစ်နှစ်ဆောင်တည်ဆောက်နေတာဖြစ်ပါတယ်။ စာသင်ဆောင်နှစ်ဆောင်တည်ဆောက်ရာမှာ သစ်သားကိုအသုံးပြုတာထက် သံဖရိန်တွေကိုအသုံးပြုတာခိုင်ခံ့မှုအပိုင်းအတွက်လည်း နှစ်ကာလကြာမြင့်တဲ့အထိ စိတ်ချရတယ်။ ကုန်ကျစရိတ်က သစ်ကိုအသုံးပြုတာနဲ့ ကွာခြားမှုရှိတာကြောင့် သံဖရိန်ကိုအသုံးပြုပြီး တည်ဆောက်တာပါ။ ကျောင်းဆောင် နှစ်ဆောင်စလုံးက တစ်ထပ်ဆောင်တွေချည်းပါပဲ။ ကျောင်းသား ကျောင်းသူဦးရေ ၂၀၀၀ ကျော်ရှိတာမို့ အခုအဆောက်အအုံသစ်တွေ တည်ဆောက်ပြီးရင်တော့ စာသင်ဆောင်နေရာ အခက်အခဲမရှိဘဲ ပိုမိုအဆင်ပြေလာမှာပါ"ဟု အထက(၂)မှ အထက်တန်းပြဆရာတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရန် ယခုနှစ်ဘဏ္ဍာနှစ်အတွင်း မတည်ငွေများ ခွဲဝေချထားပေးခဲ့ရာ အထက(၂) ငွေကျပ် ၆၄၈ သိန်း၊ အမက(၆) ငွေကျပ် ၆၄၈ သိန်း၊ အမက(၁၃၇) ငွေကျပ် ၂၁၆ သိန်း၊ အမက(၁၃၃) ငွေကျပ် ၂၈၈ သိန်း၊ အမက(၂၁၇) အလက(ခွဲ)သိန်း ၃၀၀၊ ကွက်ငယ် အထက(ခွဲ) ၁၀၀၈ သိန်း ခွဲဝေချထားပေးကြောင်း သိရသည်။ **(ချမ်းသာ-မိတ္ထီလာ)**





## မြစ်ရေတင်စီမံကိန်း(၂)မှ စိုက်ပျိုးရေရရှိမည်ဖြစ်၍တောင်သူဦးကြီးများ ဝမ်းသာပီတိဖြစ်

**အရာတော် နိုဝင်ဘာ ၂၆**

အညာဒေသဟုခေါ်သော အပူပိုင်းဒေသ မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် တောတောင်များပြုန်းတီးလာသည်နှင့်အမျှ မိုးခေါင်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာရာ မိုးကိုအမှီသဟဲပြုလုပ်ကိုင်နေကြသော တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝတိုးတက်မြင့်မားလာစေရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်ရပ်ဆိုင်းထားရသော စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်-မကျီးစောက်မြစ်ရေတင်စီမံကိန်း(၂)သည် ကျေးလက်အညာဒေသရှိ တောင်သူများ စိုက်ပျိုးရေရရှိစေရန် အရာတော်မြို့နယ်၊ မကျီးစောက်ကျေးရွာအုပ်စု၊ ငါးရဟိုးကျေးရွာ ယာမြေများတွင် မြောင်းလက်တံခွဲ (၂/က)အား ရေစီးရေလာကောင်းမွန်စေရန်အတွက် နိုဝင်ဘာ ၁၅ ရက်က စက်ယန္တရားကြီးများဖြင့် ပြုပြင်ဆောင်ရွက်နေမှုကို တွေ့မြင်ခဲ့ရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်နေတောင်သူဦးကြီးများ နွေစပါးစိုက်ပျိုးရန် ရေအခက်အခဲမရှိရလေအောင် စိုက်ပျိုးရေအလုံအလောက်ရရှိမည်ဆိုလျှင် လယ်ယာစီးပွားရေးလုပ်ငန်းများ အဆင်ပြေ၍ဒေသခံများ၏ လူမှုစီးပွားတိုးတက်လာမည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ရန် အပူပိုင်းမိုးနည်းရပ်ဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် အညာကျေးလက်ဒေသများ၊ မကျီးစောက်ကျေးရွာ၊ ငါးရဟိုးကျေးရွာ၊ ဆိတ်ဖူးကြီးကျေးရွာများ ပါမကျန် စိုက်ပျိုးရေးအတွက် လိုအပ်နေသော ရေရရှိရေးစီမံကိန်းများ ပေါ်ထွက်လာသည်နှင့်အမျှ ကျေးလက်နေ တောင်သူကြီးများ ယာမှ လယ်မြေများ ပေါ်ထွက်လာပြီး ရွှေရောင်လွှမ်းတဲ့ လယ်မြေများဖြစ်ပြီး နိုင်ငံတော်မှ စိုက်ပျိုးစရိတ်များကိုလည်း ကျေးလက်နေပြည်သူများအား လူမှုစီးပွားဘဝ တိုးတက်လာရေး၊ ငွေကြေးအရင်းအနှီးထုတ်ချေးပေးခြင်း၊ အဘက်ဘက်မှ လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးခြင်းကြောင့် ကျွန်တော်တို့ တောင်သူများမှ ကျေးဇူးအထူးတင်ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားသော စကားသံများကို ကြားသိခဲ့ရပါသည်။**တင့်ဝေ(အရာတော်)**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ဟောပြော

**တာချီလိတ် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်းပြီး အခြေခံပညာအထက်တန်းကျောင်းများသို့ နိုဝင်ဘာ၂၁ရက်မှ စတင်ပြီး စာအုပ်လေ့လာဖတ်ရှုမှုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာပေဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသည်။ နိုဝင်ဘာ၂၁ ရက်တွင် မိုင်းကိုး(အထက)နှင့် ဟောင်လိတ်(အထက)တို့တွင်လည်းကောင်း၊ နိုဝင်ဘာ၂၂ရက်တွင် တာချီလိတ်(အထက)နှင့် ဆန်ဆိုင်(အထက)တို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၃ရက်တွင် ရွှေမဟာ(ကိုယ်ပိုင်အထက်တန်းကျောင်း)တွင်လည်းကောင်း ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးထိန်မင်း(မင်းအေးငြိမ်းဈေ)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်လွင်(ဇေယျာမင်းကေတု)၊ ဦးမြင့်ဝင်းလှ(မြတ်မျိုးမြင့်မာန်)၊ ဦးဝေယံဦး(နေတစ်စင်း)တို့က စာပေရေးရာများဟောပြောကြသည်။ မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲနှင့် စာအုပ်လေ့လာဖတ်ရှုမှုပြိုင်ပွဲကို နိုဝင်ဘာ ၂၉ရက် နံနက်တွင် တာချီလိတ်(အထက)တွင်လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်နံနက်တွင် အောင်မြတ်ခန်းမ၌ဆုပေးပွဲမကျင်းပမီ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ တယ်ချောင်းကျေးရွာအုပ်စု ဂျိုးဂျိုးကျကျေးရွာ မော်တော်ယာဉ် ထိန်းသိမ်းကြီးကြပ်မှုကော်မတီမြေအား မော်တော်ယာဉ်ရပ်နားစခန်းဂိတ်ခန်း၊ ဆိုင်ခန်းများတည်ဆောက်နိုင်ရေးအတွက် အဆောက်အအုံ ကန်ထရိုက်တင်ဒါခေါ်ယူပါသည်။ ဂိတ်ခန်းဆိုင်ခန်းများအား RCတစ်ထပ်ခွဲ ၁၅ပေ× ၃၄ ပေ (၈)ခန်းတွဲ အဆောင်(၂)ဆောင် အိမ်သာ၊ ရေချိုးခန်းအပါအဝင်တည်ဆောက်ပေးရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| တင်ဒါတင်သွင်းရမည့်အချိန် | -၂၈-၁၁-၂၀၁၃(ကြာသပတေးနေ့)နံနက် ၁၀ နာရီမှ ညနေ၄ နာရီ |
| တင်ဒါစိစစ်မည့်နေရာ | -အဝေးပြေးမော်တော်ယာဉ်တည်ဆောက်ရေးကော်မတီ (မ. ထ. သ)ရုံး၊ ၄ရပ်ကွက်၊ ရဲသက်သာဆိုင်ခန်း |
| တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် | - ၃-၁၂-၂၀၁၃(အင်္ဂါနေ့)နံနက် ၁၀ နာရီ |

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား အဝေးပြေးမော်တော်ယာဉ်တည်ဆောက်ရေးကော်မတီဂိတ်ခန်း၊ ဆိုင်ခန်းများ အရောင်းခန်းမ(မထသ)ရုံး ရဲသက်သာဆိုင်ခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၈၅၉၈၁၀၄၊ ၀၉-၈၅၉၉၀၂၃၊ ၀၉-၈၅၉၈၀၉၃၊ ၀၉-၄၉၂၀၇၀၇၅တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အဝေးပြေးမော်တော်ယာဉ်တည်ဆောက်ရေးကော်မတီ**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၏ 33KV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**



### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၁၄/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-112(2013-2014) | Transmission for Komatsu Dozer | (1) Unit | US$ |
| (၂) | IFB-113(2013-2014) | Torque Convertor for Komatsu Dozer | (1) Unit | US$ |
| (၃) | IFB-114(2013-2014) | National Torque Convertor for CAT D 3508 Rig Engine | (3) Nos | US$ |
| (၄) | IFB-115(2013-2014) | GM 6 V 71 Engine | (2) Sets | US$ |
| (၅) | IFB-116(2013-2014) | GM 6 V 53 Engine | (4) Sets | US$ |
| (၆) | IFB-117(2013-2014) | Mud Agitator Unit (With Motor Driven) (7.5 KW) | (3) Lots | US$ |
| (၇) | IFB-118(2013-2014) | Shore Water Pump (1000gpm, 200 ft head) Centrifugal Water Pump With 80 HP Motor Driven | (1) Lot | US$ |
| (၈) | IFB-119(2013-2014) | Skid Mounted Crude Transfer Pump (400 gpm, 400 ft Head With Engine Driven) | (1) Lot | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



### ရွှေပြည်သာမြို့နယ်ရှိ
### မြေကွက်များဝယ်လိုသည်

**ဖုန်း - ၀၉-၄၃၁၇၁၇၃၄၊ ၀၉-၄၂၀၃၁၉၅၀၂**



### Seven စံ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များရောင်းလို၊ ဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ အိမ်အရောက်ငွေပေးချေသည်။ ပွဲခပေးရန်မလိုပါ။

**ဖုန်း- ၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇**

# စိမ့်ရေဝမ်းရေရရှိဖို့ ရေမည်းပင်များစိုက်ကြစို့



သက်နိုင်(ပြင်ဦးလွင်)

လူသားများနှင့်တကွ သက်ရှိများအားလုံး အသက်ရှင်သန်ကြီးထွားနိုင်ရန် လေပြီးလျှင်ရေသည် အရေးကြီးဆုံး ဖြစ်ပေသည်။ "ရေ"မရှိလျှင် သက်ရှိမှန်သမျှ သေကျေပျက်စီးသွားနိုင်သည်။ ထို့ကြောင့် ဥတုရာသီတောကိုမှီ၏။ "တောမဲ့မြေသား ရေတိုက်စား၏"၊ "ကျေးငှက်သားရဲ တောမှာမြဲ၏"။ "တောတောင်ခြောက်ခန်းလယ်ယာန္တမ်း၏" ဟူသော ဆောင်ပုဒ်များဖြင့် သစ်တောသစ်ပင်များ၏ အရေးပါပုံကို လှုံ့ဆော်ပေးလျက်ရှိနေသည်။

သို့သော်လည်း ယခုအခါတွင် မြန်မာနိုင်ငံ၌သာမက ကမ္ဘာပေါ်တွင် သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးမှုတို့ ဖြစ်ပေါ်လျက်ရှိနေရာနောင်အခါတွင် သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သော "ရေ" အတွက် ရတက်မအေးဖွယ်ရာ မလွဲမသွေကြုံလာရနိုင်သည်။ မျက်မှောက်ခေတ်တွင် "ရေနံ"အတွက် စစ်မက်ရေးရာများဖြစ်ပွားနေသော်လည်း နောင်အခါတွင် "ရေ" အတွက် စစ်ပွဲများဖြစ်ပွားလာနိုင်သည်ဟူသော သုတေသီများ၏ လေ့လာတွေ့ရှိချက်ကို မမေ့အပ်ရာ။

သစ်တောများသည် သဘာဝ၏ ရေလှောင်တမံများ ပင်ဖြစ်သည်။ စိမ့်ရေစမ်းရေများကိုလည်း သစ်တောများမှ ပေးလွှတ်ပေးနိုင်သည်။ သစ်တောများမရှိပါက မြေဆီလွှာကို ကာကွယ်နိုင်ခြင်းရှိမည်မဟုတ်ပါ။ ယနေ့ကမ္ဘာ့မြေမျက်နှာပေါ်တွင် အရွယ်အစားပုံသဏ္ဍာန် အမျိုးမျိုးဖြင့် စိမ့်မြေကီလိုမီတာ စတုရန်း ၁၃ သန်းရှိရာ သစ်တောများ ပျောက်ကွယ်သွားမည်ဆိုပါက ထိုစိမ့်မြေများကို လက်လွှတ်သွားရပေလိမ့်မည်။ ဤကဲ့သို့မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းရမည်မှာ လူသားအားလုံးတွင် တာဝန်ရှိပေသည်။

ယခုလည်း ပြင်ဦးလွင်မြို့နယ်တွင် စေတနာရှင်အဖွဲ့တစ်ဖွဲ့မှ စိမ့်စမ်းရေများကို ကြိုတင်ကာကွယ်သည့်အလို့ငှာ ရေထိန်းပင်များဖြစ်သော ရေမည်း(မိုးမခ) ပင်နှင့် ရေပိ တုန်း၊ ရေသဖန်း၊ ရေသပြေ၊ ဝါးပိုးဝါး၊ ဆပ်သွားပင်များကို နေရာအနှံ့လိုက်လံ စိုက်ပျိုးလျက်ရှိသည်။ ထိုအပင်များသည် အခြားအပင်များနှင့် နှိုင်းစာလျှင် သဘာဝစိမ့်ရေတောများကို ပိုမိုထိန်းသိမ်းကာကွယ်နိုင်စွမ်းရှိကြောင်း သိရသည်။

အထူးသဖြင့် ရေမည်းပင်ခေါ် မိုးမခပင် (ရုက္ခဗေဒအမည် Salix tetrosperma Roxb.SALICACEAE) သည် စိမ့်စမ်းရေများကို ပိုမိုထိန်းသိမ်းနိုင်စွမ်းရှိလေသည်။ အပင်၏ အောက်ခြေတွင် ရေအမြဲရှိသောကြောင့် "ရေမြဲ" ပင်ဟုခေါ်ဆိုရာမှ "ရေမည်း"ပင်ဖြစ်လာရသည်။ ရေရရှိသော နေရာတိုင်းတွင် ရေမည်းပင်မရှိသော်လည်း ရေမည်းပင်ရှိသောနေရာတိုင်းတွင် ရေရှိနေသည်ကို တွေ့ရသည်။ ရေမည်းပင်၏ အဓိကထူးခြားချက်များမှာ အပင်၏ရေသောက်မြစ်များသည် မြေထုအတွင်း နက်ရှိုင်းစွာထိုးဆင်း၍ မြေအောက်ရေများကို စုပ်ယူဆွဲတင်နိုင်မှုအားကောင်းသည်။ အခြားသောအပင်များသည် ဆောင်းအကုန် နွေအကူးကာလရောက်မှသာ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေကြသော်လည်း ရေမည်းပင်မှာ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ရွက်သစ်များ တဝေဝေဖြင့် တွေ့မြင်ရပေသည်။ အပွင့်ပွင့်သော အခါတွင်လည်း ဝတ်ဆံမှ အသီးလုံးငယ်လေးများအဖြစ် ပြောင်းလဲသွားကာ အပင်ပေါက်ငယ်လေးများ ထွက်ပေါ်လာပေသည်။ အပင်တွင် အသီးကြီးများမတွေ့ရပေ။ အပွင့်သည် စိမ်းဝါရောင်ရှိပြီး အမြစ်သည် ဗေဒါမြစ်များကဲ့သို့ ဖြာထွက်လျက်ရှိသည်။ အပင်ပေါက်ငယ်လေးများဖြင့်သော်လည်းကောင်း၊ ကိုင်းဖြတ်၍သော်လည်းကောင်း ရာသီမရွေး၊ နေရာမရွေး စိုက်ပျိုးနိုင်ပေသည်။

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် သဘာဝရေထွက်မှ စီးဆင်းလာသော ရေကိုအခြေခံ၍ တာပေါင်ဖို့ပြီး ပိတ်ဆို့ရေလှောင်ထားရာ ရေထွက်ရာ နေရာများတွင် ရေမည်းပင်အမြောက်အမြားကို တွေ့ရှိရသည်မှာ ထွက်ရှိလာသော ရေများသည် ရေမည်းပင်ကို အခြေခံ၍ ထွက်ရှိလာခြင်းဖြစ်ကြောင်း။

ရေမည်းပင်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် ယခုအချိန်မှစတင်၍ စိုက်ပျိုး သွားမည်ဆိုပါက နောင်တွင် ကြုံတွေ့လာနိုင်သည့် ရေသယံဇာတ လိုအပ်မှုအခက်အခဲကို တစ်ဖက်တစ်လမ်းမှ ကျော်လွှားနိုင်မည်ဖြစ်ပေသည်။ ပြင်ဦးလွင်မြို့နယ်အတွင်း အောင်ချမ်းသာရွာ၊ နောင်ခမ်းကြီးရွာ၊ ညောင်နီရွာ၊ ကုန်းဘောရွာ၊ ပွဲကောက်ရွာ၊ ရေချမ်းအိုးရွာများတွင်အပင်ပေါင်း ၂၀၀ကျော်စိုက်ပျိုး ထိန်းသိမ်းထားပြီး ဖြစ်သည်။

အခြားမြို့ရွာများမှ ရေမည်းပင်ကိုစိုက်ပျိုးလိုပါက ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် (အငြိမ်းစား၊ ခယက)၊ ဒေါက်တာသန်းဇော်ဦး(တိမွေးကု)၊ ဦးဝင်းနိုင်(စီမံကိန်းမြို့နယ်ဦးစီး) စသော စေတနာရှင်အဖွဲ့မှ ဖိတ်ခေါ်လျက် ဆက်သွယ်စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ထို့ကြောင့် စရိတ်သက်သာပြီး နေရာဒေသမရွေး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်သော ရေမည်းပင်များကို တစ်နိုင်ငံလုံးအများအပြား စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို တက်လှမ်းနေသည့် ကလေးမြို့

**ကလေး နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စိုက်ပျိုးမြေလယ်ဧက ၈၁၄၅၇ ဧက၊ ယာ ၁၉၂၆၂ ဧက၊ ကိုင်း ၄၈၈၈၀ ဧက၊ ဥယျာဉ် ၄၄၂၈ ဧက စုစုပေါင်း၁၅၄၀၂၇ ဧကရှိပြီး ၂၀၁၃-၂၀၁၄ မိုးစပါးစိုက်ဧက ၁၀၁၄၀၇ ဧကရှိကြောင်း၊ ကဘော်ချိုင့်ဝှမ်းလွင်ပြင်ဒေသနှင့် ချင်းပြည်နယ်တို့အတွက် အဓိကအားထားရသည့် ဆန်အိုးကြီးတစ်ခုဖြစ်ရာ ကလေးမြို့နယ်ရှိ တောင်သူတို့အနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ တက်လှမ်းနေပြီဖြစ်သည်။

အဆင့်မြင့်စက်မှုလယ်ယာ ထူထောင်ရေးအတွက်လည်း ဂျပန်နိုင်ငံ Evergreen ကုမ္ပဏီ၏အကူအညီဖြင့် မြို့နယ် အထောက်အကူပြုအဖွဲ့တို့ပူးပေါင်းပြီး ကလေးမြို့နယ်တောင်ပိုင်း ထိမာ၊ သာယာကုန်း၊ ထောက်ကြန့်၊ နတ်ချောင်း၊ နတ်မြောင်းကျေးရွာများရှိ လယ်ယာမြေများကို စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်မှုနည်းပညာများအသုံးပြုပြီး လုပ်ငန်းအားလုံးကို စက်ယန္တယားများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်းရှိ လယ်ယာမြေများနှင့် ဂန့်ဂေါမြို့နယ်မြောက်ပိုင်းကျေးရွာများရှိ လယ်မြေများအားလုံး ရာသီမရွေး စိုက်ပျိုးနိုင်ရန်အတွက် ရာဇဂြိုဟ်ဆည်နှင့် မဏိပူရ်ဆည်စီမံကိန်းများပြီးစီးပါက လယ်ယာမြေအားလုံး ဆည်ရေဝသည်ထက်ဝ၍ လယ်မြေလုသည်ထက်လုကာ ဒေသတွင်းပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရာဇဂြိုဟ်ဆည်နှင့် မဏိပူရ်ဆည်များအမြန်ပြီးစီးရေး ပြည်သူတို့လိုလားနေကြကြောင်းသိရသည်။ **(လင်းလက်ကြယ်စင်)**

ရောင်းမည်

QPRY City & Guilds
UK အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများ

KING STAR
20000Ks
D.T.P

GUSTO INSTITUTE
School of Computing & Software Engineering
edexcel
UK's Top Computing Diploma in Yangon
Edexcel နှင့် Gusto Institute
HND Diploma in Computing (Batch 8)
#289(A), Pyay Road(Near MyayNiGone Bus stop), Sanchaung Tsp.,Yangon.
Call Us: 09-86 28806, 09 4500 54104

ကျော်ကျော်နိုင်မိသားစုကုမ္ပဏီလီမိတက်
အောင်ချမ်းမြေ့
ဂျပန် စာ၊ စကားကျွမ်းကျင်သင်တန်း
[JAPANESE LANGUAGE TRAINING CENTRE]
No.249, 2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅၊ ၀၉-၅၁၅၉၈၇၀

* ၅-၁၂-၂၀၁၃ရက်မှ စတင်မည်
* သင်ကြားနိုင်သည့်အချိန် (I) 09:00AM to 04:00PM (Break (1) hour)
* သင်တန်းကာလ(၄)လ။ တစ်ပတ် (၅)ရက်သင်၊ (တနင်္လာနေ့ -မှ -သောကြာနေ့)အထိ
* ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း(၄၅၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာ အဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
* ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
* အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
* "အောင်" ပြီး "ချမ်းမြေ့" မှုတွေရရှိဖို့ "အောင်ချမ်းမြေ့"ကိုလာခဲ့ပါ။
* ဂျပန်နိုင်ငံသို့ သွားရောက် ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးသည်။

27-11(20).pmd 1 11/25/2013, 11:11 PM

## ယနေ့ မာတိကာ

ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး
စာမျက်နှာ - ၇

နိုင်ငံခြားသားစက်ဘီးစီး ဘုရားဖူးလေ့လာရေးအဖွဲ့ ကျုံဒိုးမြို့သို့ လည်ပတ်
စာမျက်နှာ - ၁၀

ချန်ပီယံလိဂ်တွင် ကစားရန် ကာကာရီဆန္ဒရှိနေ
စာမျက်နှာ - ၁၂


**ကြော်ငြာစာမျက်နှာအပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပို(၁၂)မျက်နှာ ပါရှိပါသည်။



သတင်းနှင့် ဓာတ်ပုံ စောသိန်းဝင်း

# မြို့ပြနှင့် ကျေးလက်ကွာဟမှုလျော့ပါးစေမည့် ဆိပ်ကြီးခနောင်တိုသံမဏိကြိုးတံတား

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တို သံမဏိကြိုးတံတား တည်ဆောက်ပြီးစီး၍ ဩဂုတ် ၁၄ ရက်မှ အစပြုကာ ယာဉ်မျိုးစုံဖြတ်သန်းခွင့်ပြုခဲ့ပြီး နိုဝင်ဘာလနောက်ဆုံးပတ်တွင် ဖွင့်လှစ်ပေးတော့မည်ဖြစ်ခြင်းကြောင့် နိုဝင်ဘာ ၂၆ ရက် ညပိုင်းတွင် တံတားတစ်ခုလုံးရောင်စုံမီးအလှများ ထွန်းညှိထားသည့်အတွက် ဆိပ်ကြီးခနောင်တိုသံမဏိကြိုးတံတားကြီးသည် ပိုမိုခံ့ထည်ဝင့်ကြွားနေသည်ကို အမှတ်မထင်တွေ့ရသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆိပ်ကြီးခနောင်တိုသံမဏိကြိုးတံတား မတည်ဆောက်မီက ဒေသအတွင်းနေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ရပ်တည်နိုင်မှုသည် သမားရိုးကျစက်တပ်သမ္ဗန်များကိုအသုံးပြုပြီး လိုရာခရီးကို သွားလာနေရသော ပြည်သူများ၏ အခက်အခဲများ ချုပ်ငြိမ်းလွတ်မြောက်စေရန် ရည်ရွယ်ကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် မြို့ပြနှင့် ကျေးလက်ကွာဟမှုလျော့ပါးရေးမူနှင့်အတူ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်သွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

# ကမ္ဘာ့အစောဆုံး ဗုဒ္ဓကျောင်းတော်တစ်ခု တူးဖော်တွေ့ရှိ

ကမ္ဘာပေါ်တွင် အစောဆုံးတည်ရှိခဲ့သည့် ဗုဒ္ဓဘုရားကျောင်းတစ်ခုကို ဘုရားဖွားတော်မူခဲ့သည့် နေရာအောက်တွင် ရှေးဟောင်းသုတေသီများက တူးဖော်တွေ့ရှိခဲ့သည်။

နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ် မယ်တော်မာယာဒေဝီကျောင်းတော်အတွင်း လွန်ခဲ့သည့် ဘီစီ ၆ ရာစုက တည်ထားကိုးကွယ်ခဲ့သည့် သစ်သားဘုရားကျောင်းပုံစံကို တူးဖော်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဘုရားကျောင်းတွင် သစ်ပင်တစ်ပင်ရှိခဲ့ပုံပေါ်ပြီး အဆိုပါသစ်ပင်မှာ မယ်တော်မာယာဒေဝီ အင်ကြင်းကိုင်းကိုကိုင်ပြီး မွေးဖွားတော်မူခဲ့ပုံကို ဖော်ပြခြင်းဖြစ်ဖွယ်ရှိသည်ဟု သိရသည်။

နိုင်ငံတကာ ရှေးဟောင်းသုတေသနပညာရှင်များ ပါဝင်သည့်အဖွဲ့သည် ဘုရားကျောင်း၏ အုတ်ရိုးများအောက်ဘက်ကို တူးဖော်ပြီး လေ့လာခဲ့ကြသည်။ အဆိုပါ မာယာဒေဝီကျောင်းသို့ နှစ်စဉ် ဘုရားဖူးများ သိန်းနှင့်ချီ၍ လာရောက်ကြသည်။

**ဘီဘီစီ။**

ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၁၃ ရက်သာ လိုတော့သည်



# ကော့သောင်းမြို့တွင် ရေဘူများလှိုင်လှိုင်ပေါ်၍ ရေလုပ်သားများ ဝင်ငွေကောင်း

**ကော့သောင်း နိုဝင်ဘာ ၂၆**

ကော့သောင်းမြို့သည် ပင်လယ်ဝန်းရံနေပြီး မြို့ပြနှင့် ကျေးလက်နေပြည်သူအများစုသည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရာ နိုဝင်ဘာလဆန်းပိုင်းမှစ၍ ပင်လယ်ရေဘူ(Jelly-fish)များ မြို့၏မနီးမဝေး ပင်လယ်ပြင်တွင် လှိုင်လှိုင်ပေါ်နေကြသဖြင့် ရေလုပ်သားများ စက်တပ်လှေငယ်လေးများဖြင့် ပျားပန်းခပ်မျှစည်ကားလျက်ရှိကာ ဝင်ငွေတိုးလျက်ရှိသည်။**(အပေါ်ပုံ)** **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❖

# ရခိုင်ပြည်နယ်သို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဆန်အိတ် ၇၀၀၀၀ ကျော် လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ကိုင်းတန်းတံတားအမှတ်(၁) ဆိပ်ခံဗောတံတားတွင် ယနေ့နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ လှူဒါန်းသော ဆန်အိတ် ၁၂၆၀၀ တင်ဆောင်နေပြီး အဆိုပါဆန်အိတ်များကို ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအား လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းမည့် ဆန်အိတ်စုစုပေါင်းမှာ ၇၂၃၆၀ အိတ်ဖြစ်ပြီး အခြားကျန်ရှိသော ဆန်အိတ်များကိုလည်း သင်္ဘောအသီးသီးဖြင့် ဆိပ်ကမ်းများမှ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြင့်အေး(ပြန်/ဆက်)**






# ကြော်ငြာ ADVERTISEMENT


သစ္စာရှင်
Hi-Ace
Ph: 09-73215988, 09-5021279

ဒေါ်မြန်ရည် (B.A - Korean Y.U.F.L)

2012 Foreign Specialists of Korean language Certificate by Pai Chai University, Korea

"ကိုရီးယားဘာသာစကားသင်တန်း"

ph : 09 -5089303, 09-43026179, 09-421104397

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊
သုခလမ်းသွယ်(ဒုတိယလမ်း)
မြေအမျိုးအစား- ဘိုးဘွားပိုင်မြေ ပေ(၃၅×၇၈)
အိမ်အကျယ် ပေ(၃၀×၄၀) (တိုက်ခံအိမ်၊ နှစ်ထပ်တိုက်)
ဆက်သွယ်ရန်ဖုန်း-၅၂၅၀၉၄၊ ၅၃၀၈၉၅

မြေအမည်ပေါက်
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊
(၅၉)ရပ်ကွက်
အလျား ၄၁ပေ၊ အနံ ပေ ၆၀
ဆက်သွယ်ရန်ဖုန်း-
၀၉၄၂၅၀၀၁၆၉၁၊
၀၉၄၂၀၃၁၉၃၀၄

N-3 ကိုယ်ပိုင်အထက်တန်းကျောင်း

(Private and Boarder)

Ph: 01-8551095, 09-420046938

မြည်တွင်း၌သာ မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်
Grand Titan ကုမ္ပဏီတွင်အောက်ပါဝန်ထမ်းများအလိုရှိသည်။

| | | | |
|---|---|---|---|
| 1. Archi | B. Arch | M/F | (4) Posts |
| 2. M&E | EP/MP | M/F | (3) Posts |
| 3. Estimate | Civil | M/F | (3) Posts |
| 4. Senior/ Junior Surveyor | | M | (2) Posts |

➤ စဉ်(၁) အတွေ့အကြုံ ရှိရန်မလို၊ 3Ds Max, Photoshop ,Auto CAD
... စဉ် (၄)၊ (၅) Total Station နှင့် Land Development Software ... ဖြစ်ရမည်။
➤ နယ်မှ လာသောသူများအဆောင်ပေးမည်။
➤ (၁၀)၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ...

Android Phone ဖြင့် ဂိမ်းကစားနည်းများ



ဉာဏ်ကြည် ဖုန်းဖြင့် ဂိမ်းကစားနည်းများ

ANDROID GAME FOR ALL

SMART Phone ဖြင့် ဂိမ်းကစားနည်းများ

ကလေးများအတွက် ဉာဏ်စွမ်းရည်မြင့်ဂိမ်းများ
လူငယ်များအတွက် ပျော်ရွှင်စရာဂိမ်းမဲ့...
လူကြီးများအတွက် စဉ်းစားတွေးခေါ်ဂိမ်းအကျော်များ

ပညာမြိုင်မိုရ်



Ferry

ABE UK Diploma ... College

EVER UP
Human Resources Institute

10th Standard → Diploma → Higher Diploma → Graduate Diploma → MBA

UK Management Diploma ဆိုရင် ... abe ကို ... EVER UP မှာ ...

Get
Tuition Fees Discount%

နိုဝင်ဘာလ ၂၀၁၃ တွင် အတန်းသစ်များဖွင့်မည်။

UK Qualifications:
Diploma / Higher Diploma / Graduate Diploma in
- Business Management
- Human Resource Management
- Financial Management
- Marketing Management
- Travel, Tourism & Hospitality Management

abe

# စက်မှုဝန်ကြီးဌာန
# အထည်အလိပ်လုပ်ငန်း
# အသုံးမလိုစက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များရောင်းချရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၁၄-၁၁-၂၀၁၃ရက်မှ ၁၆-၁၁-၂၀၁၃ရက်သတင်းစာတို့တွင် ခေါ်ယူထားသောစက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၁)အထည်စက်ရုံခွဲ(မရမ်းကုန်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အသုံးမလိုပိုလျှံစက်ပစ္စည်း(အဟောင်း) အမျိုးအစား(၂၆)မျိုး၊ စက်အရန်ပစ္စည်း (အဟောင်း)(၃)မျိုး၊ စုစုပေါင်း (၂၉)မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

**(က) ကော်တင်လုပ်ငန်းစက်ပစ္စည်းများ**

| | | |
|---|---|---|
| (၁) | Sizing Machine (Kanamaru) | ၁လုံး |
| (၂) | Cone Winder (Murata) | ၁လုံး |
| (၃) | Warper (Osaka) | ၁လုံး |
| (၄) | Warper (Kanamaru) | ၁လုံး |

**(ခ) ရက်ကန်းလုပ်ငန်းစက်ပစ္စည်းများ**

| | | |
|---|---|---|
| (၅) | Weaving Machine (Tsudakuna) | ၁၅လုံး |
| (၆) | Weaving Machine (Hokuriku) | ၁၁၆လုံး |
| (၇) | Weaving Machine (Tsudakuna) | ၁၄လုံး |
| (၈) | Pirn Winder (Murata) | ၃၀လုံး |
| (၉) | Pirn Winder (Hacoba) | ၁လုံး |
| (၁၀) | Pirn Winder (Hacoba) | ၂လုံး |

**(ဂ) နိုင်လွန်ဇာလုပ်ငန်းစက်ပစ္စည်းများ**

| | | |
|---|---|---|
| (၁၁) | Warp Knitting Machine (Karl Mayer) | ၁၄လုံး |
| (၁၂) | Warp Knitting Machine (Liba) | ၄လုံး |
| (၁၃) | Sectional Warper for Warp Knitting (Karl Mayer) | ၁လုံး |
| (၁၄) | Sectional Warper for Warp Knitting (Liba) | ၃လုံး |

**(ဃ) အချောကိုင်လုပ်ငန်းစက်ပစ္စည်းများ**

| | | |
|---|---|---|
| (၁၅) | Jigger Machine (Kyoto) | ၃လုံး |
| (၁၆) | Jigger Machine (Kyoto) | ၃လုံး |
| (၁၇) | Jigger Machine (Local) | ၃လုံး |
| (၁၈) | Hydro Extractor (THEN) | ၁လုံး |
| (၁၉) | Hydro Extractor (THEN) | ၃လုံး |
| (၂၀) | Winch (THEN) | ၁လုံး |
| (၂၁) | Winch (THEN) | ၃လုံး |
| (၂၂) | Heat Setting Machine (Kyoto) | ၁လုံး |
| (၂၃) | Cylinder Dryer(Kyoto) | ၁လုံး |
| (၂၄) | Calendering Machine (Kyoto) | ၁လုံး |
| (၂၅) | Boiler (Takuma) | ၂လုံး |
| (၂၆) | Boiler (မစ-၉၁၄) (Colonial) | ၁လုံး |
| | **စုစုပေါင်း** | **၂၂၇လုံး** |

**(င) စက်အရန်ပစ္စည်းများ**

| | | |
|---|---|---|
| (၁) | စက်အရန်ပစ္စည်းအကျိုးအပျက်မျိုးစုံ | ၃တန် |
| (၂) | ၂" ဟင်ဂလန်(ပေ၂၀) | ၂၅ချောင်း |
| (၃) | F.O သိုလှောင်ကန် | ၀. ၂၅တန် (၁ခု) |

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၅-၁၁-၂၀၁၃ရက်

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ

(၁) ရန်ကုန် — အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

(၂) နေပြည်တော် — ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်

(ဂ) တင်ဒါပိတ်မည့်နေ့ရက်၊ အချိန် - ၃၁-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) နေပြည်တော်၊

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊

**နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆**

**ရန်ကုန်၊ ဖုန်း-၀၁-၅၅၄၆၇၁**

# ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၁၀-မြောက်ရပ်ကွက်၊ လယ်ယာ(၅)လမ်း၊ အကွက်အမှတ်(၁၃/၁) ဦးတင်ရွှေ အမည်ပေါက် ပေ(၁၂၀×၁၂၀)နှစ်(၆၀)ဂရန် အိမ်မြေနှင့်ပတ်သက်၍အများသိစေရန်

၉-၁-၁၉၉၄ရက်တွင် အထက်ပါလိပ်စာ၌ ကွယ်လွန်ခဲ့သည့် ဦးတင်ရွှေ၏သား၊ သမီးများဖြစ်ကြသော (၁)ဒေါ်မြမြအေး၊ (၂)ဦးမြင့်အောင်၊ (၃)ဒေါ်နွဲ့နွဲ့ရီ၊ (၄)ဦးသန်းငွေ၊ (၅)ဒေါ်အေးအေးသန်းတို့၏ အမွေဆိုင်ဂရန်မြေနှင့်အိမ်အား ၎င်းတို့၏ အတိအလင်း သဘောတူညီချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်နည်း တစ်စုံတစ်ရာ စီမံခန့်ခွဲခြင်းမပြုလုပ်ရန် အသိပေး ကြေညာအပ်ပါသည်။

အကယ်၍ အဆိုပါအမွေဆိုင်များ၏အကျိုး ဆန့်ကျင်၍လုပ်ဆောင်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြမြအေးနှင့်မောင်နှမများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာခင်(LLB.,WIPO) (စဉ်-၂၈၃၆၂)**
**ဒေါ်သီတာအေး(LL.B, WIPO)(စဉ်-၂၈၈၅၈)**
**ဒေါ်မို့မို့သော်(LL.B,D.B.L.,WIPO) (စဉ်-၂၈၈၇၇)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၄၊ သုမနလမ်း၊ (၅)ရပ်ကွက်၊ မြို့နယ်တရားရုံးအနီး၊ သာကေတမြို့နယ်။ ရန်ကုန်မြို့။**



# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၇၄) မြေညီတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူ ဒေါ်စန်းစန်းမို[၁၄/ပသန(နိုင်)၁၆၀၅၆၂]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းရဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်သီရိ**
**(အထက်တန်းရှေ့နေ)**
**LL.B.,B.Sc Eng(I.T)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**




# ရောင်းရန်ရှိသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ဂန္ဓမာလမ်းနှင့် ရခိုင်ကျောင်းလမ်းကြားရှိ ပေ(၂၄×၆၀)၊ ရေ မီးစုံ မြေကွက်အား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**(အကျိုးဆောင်မလို) (ရောင်းဈေး-သိန်း၂၅၀)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၆၂၃၁၁၄၊ ၀၉-၂၅၀၁၇၅၁၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် (၈၂၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၂၁/ခ)၊ ထူပါရုံ(၁၅)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁။ဦးထွန်းကြိုင်၊ ၂။ဒေါ်မြသိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းကြိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူ ဒေါ်မြသိန်း[၁၂/သကတ(နိုင်)၀၉၃၃၁၀]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်-(၁၄၃)၊ မြေကွက်တည်နေရာအမှတ်(၁၄၃) ဝဏ္ဏကျော်စွာလမ်း၊ (၁၄/ရွှေပေါက်ကံ) မြောက်ဥက္ကလာပမြို့နယ်(ဦးမြင့်အောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်အောင်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ရရှိသူ ဦးစိုးညွန့်[၁၂/ဒဂန(နိုင်)၀၀၇၉၉၅]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆A<sup>၁</sup>၊ မြေကွက်အမှတ်-V-၂၂၀၊ မြေကွက်တည်နေရာအမှတ်(၄၀)၊ လှည်းတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ [မောင်လှခင်နှင့်(နှမ)မခင်သန်း] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် မောင်လှခင်(လူပျိုကြီးဘ၀)ကွယ်လွန်သဖြင့် ဒေါ်ခင်သန်း[၁၂/အလန(နိုင်)၀၀၉၂၀၃]က တစ်ဦးတည်းသော ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၃၇/ခ၊ မြေကွက်တည်နေရာအမှတ် (၅၃၇/ခ)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဒေါ်ကြီးမေ၊ ဦးဝင်းမောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကြီးမေ(ခင်ပွန်း) ဦးမြင့်ဖေ (သားများဖြစ်သော) ဦးဉာဏ်ဝင်းမြင့်၊ ဦးအောင်ဝင်းမြင့်တို့အသီးသီး ကွယ်လွန်သဖြင့် ဦးအောင်နိုင်မြင့်[၃/ဘအန(နိုင်)၀၀၉၀၇၂]၊ ဦးအေးချို[၁၂/ဥကတ(နိုင်)၀၃၃၉၇၃]၊ ဦးနေသူရိန်ဝင်း[၁၂/ဒဂရ(နိုင်)၀၀၂၃၈၄]၊ ဒေါ်လင်းသန္တာဝင်း[၁၂/ဒဂမ(နိုင်)၀၀၃၄၅၃]၊ ဦးထွန်းထွန်းဝင်း[၁၂/ဒဂမ(နိုင်)၀၀၃၄၅၄]၊ ဒေါ်မေလွဲ့အောင်[၁၂/ဥကတ(နိုင်)၁၃၀၉၈၉]တို့က သားများနှင့်အမွေမမြေများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးဝင်းမောင်(S/OKA-၀၇၈၀၁၀)နှင့်ပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ဘုရင့်နောင်၊ မြေကွက်အမှတ်-စ/၁၉(B)၊ မြေကွက်တည်နေရာအမှတ်-စ/၁၉(B)၊ ငုဝါလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ် (ဦးမင်းလွင်)အမည်ပေါက်(၂၅)နှစ်ဂရန်မြေအား အမည်ပေါက် ဦးမင်းလွင် ကွယ်လွန်သဖြင့် ဒေါ်ခင်ပြုံးရီ(ခ)ဒေါ်အာဝါ[၁၂/ပဇတ(နိုင်)၀၁၃၀၅၄]တို့က ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၅၊ မြေကွက်အမှတ်-၁၈အိုင်/၁၊ မြေကွက်တည်နေရာအမှတ်(18I)၊ ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ (ဒေါ်မြတ်မြတ်ခိုင်) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်မြတ်မြတ်ခိုင် ကွယ်လွန်သဖြင့် ဦးလှဝင်း[၁၀/ပမန(နိုင်)၀၃၅၀၉၉]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀အေ ၊ မြေကွက်အမှတ် ၄တီ/၂-အေ-၂၊ မြေကွက်တည်နေရာအမှတ်(၄)၊ ဗောဓိရိပ်သာ၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် (ဦးထူးရွှေ၊ ဒေါ်သိန်းမြ) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်(ဖခင်)ဦးထူးရွှေ (မိခင်)ဒေါ်သိန်းမြ၊ ဦးဇော်ဝင်း(သား)လူပျိုကြီး၊ ဦးနေဝင်း(သား)၊ ဒေါ်ရီရီဝင်း(ချွေးမ)တို့အသီးသီး ကွယ်လွန်သဖြင့် ၁။ဦးစိုးမင်း[၁၂/ဗဟန(နိုင်)၀၄၇၉၆၆]၊ ၂။ဦးစိုးမြင့်[၁၂/စခန(နိုင်)၀၃၄၄၄၀]၊ ၃။ဒေါ်နွဲ့နွဲ့ရွှေ[၁၂/ဗဟန(နိုင်)၀၄၈၂၉၅]၊ ၄။ဒေါ်အေးအေးရွှေ[၁၂/ဗဟန(နိုင်)၀၉၆၈၈၉]၊ ၅။ဦးမျိုးမြင့်[၁၂/ဥကတ(နိုင်)၁၀၄၉၉၁]၊ ၆။ဦးဝင်းလှိုင်[၁၂/အစန(နိုင်)၀၉၂၃၆၂]တို့က သား၊ သမီး၊ မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၀-A၊ မြေကွက်အမှတ်-၉၂၊ မြေကွက်တည်နေရာအမှတ်-၇၀၄၊ အောက်မင်္ဂလာဒုံလမ်း၊ ရွာမအနောက်၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်(ဒေါ်တု)အမည်ပေါက် A-၃(ခ)ရပြီး မြေအား အမည်ပေါက် ဒေါ်တု(ကွယ်လွန်)၊ ခင်ပွန်းဖြစ်သူ ဦးငွေသာ(ကွယ်လွန်)၊ သမီးဖြစ်သူ ဒေါ်နှင်းမြိုင်(အပျိုကြီး)ဘ၀ဖြင့်ကွယ်လွန်သဖြင့် ဦးဝင်းစိန်[၁၂/အစန(နိုင်)၁၁၃၂၅၉]က ကိတ္တိမအမွေစားအမွေခံသားအဖြစ်မွေးစားခြင်းစာချုပ်-၃၀၂၅/၉၅(၃၁-၇-၁၉၉၅)၊ သေဆုံးကြောင်းထောက်ခံစာ(၂)စောင်၊ သေစာရင်းမိတ္တူ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(က)၊ မြေကွက်အမှတ်-၅၆၈/က၊ မြေကွက်တည်နေရာအမှတ်-၁၅၇၊ က-၆လမ်း၊ အင်းစိန်(ဒေါ်အုံးသွင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အုံးသွင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သက်သက်စိုး[၁၂/အစန(နိုင်)၂၀၀၅၉၅]က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အင်းစိန်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ နေထိုင်ကြောင်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ရွှေနံ့သာစံပြ)၊ မြေကွက်အမှတ်-(၅၃၈)၊ မြေကွက်တည်နေရာအမှတ်(၅၃၈)၊ (၁၉)လမ်း၊ ရွှေနံ့သာစံပြရပ်ကွက်၊ ဦးမိုးသီး အမည်ပေါက် အကျယ်အဝန်း ပေ(၈၀×၆၅)ရှိ နှစ်(၆၀)ဂရန်မြေအား တရားရှုံးကိုယ်စား ဒေါ်နုနုလှိုင်(ဘီလစ်) [၁၂/ဥကမ(နိုင်)၀၀၄၉၃၄]မှ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်(၄၂/ ၂၀၁၁)၊ တရားမဇာရီမှုအမှတ်(၁၇/၂၀၁၂) ဘီလစ်ခန့်စာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ်-၄၂၈၊ မြေကွက်တည်နေရာအမှတ်(၄၂၈)၊ ဗိုလ်ချုပ်လမ်း၊ (ဒေါ်သန်းသန်းနု) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းနု(မိခင်)နှင့်ဦးမျိုးမြင့်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်သန်း[၁၂/ဒပန(နိုင်)၀၄၅၂၂၃]၊ ဒေါ်ချိုချိုသန်း[၁၂/ဒပန(နိုင်)၀၅၆၅၄၂]၊ ဒေါ်ဝင်းဝင်းချို[၁၂/ဒပန(နိုင်)၀၅၆၅၄၄]၊ ဦးကျော်မျိုးသန်း[၁၂/ဒပန(နိုင်)၀၅၆၅၄၁]၊ ဒေါ်ချိုချိုဝင်း[၁၂/ဒပန(နိုင်)၀၅၆၅၄၅]တို့ထံမှ GP ၁၇၉၀၃/၁၃(၂၃-၉-၁၃) နှင့် ၁၇၉၀၄/၁၃(၂၃-၉-၁၃)ရရှိသူ ဦးယာယာခါန်း (MDW-၂၄၈၇၄၃)မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအောင်သူ(ဘ)ဦးသန်းရွှေ အမှတ်(၄၆)၊ ၆လွှာ၊ စလင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူနှင့်အများသိစေရန်

ကျွန်မ ဒေါ်သွဲ့ယဉ်ကျော်[၁၂/မရက(နိုင်)၁၄၈၄၄၉]နှင့် ဦးအောင်သူတို့သည် ၂၀-၄-၂၀၁၁ ရက်တွင် နှစ်ဖက်မိဘလူကြီးများရှေ့မှောက်တွင် အရပ်ကတိစာချုပ်ဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ထိုသို့လက်ထပ်ပေါင်းသင်းပြီးသည့်နောက်ပိုင်းတွင် ဦးအောင်သူမှာ အိမ်ထောင်ဦးစီးတာဝန်မကျေပွန်ခဲ့သည့်အပြင် မူးယစ်စေတတ်သော ဆေးဝါးများသုံးစွဲခဲ့သည့်အပြင် ကျွန်မအား ရံဖန်ရံခါ နိုင်ထက်ကလူပြုကျင့်ခဲ့ပြီး နှိပ်စက်ညှဉ်းပန်းခဲ့ပါသည်။ ကျွန်မအား မကြာခဏခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။ ထို့ပြင် ကျွန်မလုပ်အားဖြင့် ရှာဖွေဖွင့်လှစ်ခဲ့သော စတိုးဆိုင်အား မင်းဒီဆိုင်နဲ့ ပစ္စည်းတွေထားပြီး ထွက်သွားပေးရင် ငါမင်းကိုကွာရှင်းပေးမည်ဟု မကြာခဏပြောဆိုခဲ့သည်။ သို့ဖြစ်ပါသဖြင့် ကျွန်မဒေါ်သွဲ့ယဉ်ကျော်အနေဖြင့် ထိုသို့ နိစ္စဓူဝကြုံတွေ့နေသော စိတ်ဆင်းရဲမှုများကို မခံရပ်နိုင်တော့ပါသဖြင့် ၁-၁၁-၂၀၁၃ရက်မှစ၍ ကျွန်မမိဘများနေအိမ်သို့ ပြန်လည်နေထိုင်ခဲ့ပြီး ဖြစ်ပါသည်။ နောက်နောင် ဦးအောင်သူနှင့် ပတ်သက်သော ကိစ္စအဝဝမှာ ကျွန်မဒေါ်သွဲ့ယဉ်ကျော်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ဦးအောင်သူအနေဖြင့် ကျွန်မ ဒေါ်သွဲ့ယဉ်ကျော်အပေါ် အကြောင်းအမျိုးမျိုးပြ၍ ဆက်လက်ခြိမ်းခြောက်အနိုင်ကျင့်ခြင်းများ မပြုလုပ်ရန်နှင့် ထပ်မံဆက်သွယ် ခြိမ်းခြောက်ပြောဆိုရန်ပြုခြင်းများပြုလုပ်ခဲ့ပါက တရားဥပဒေနည်းလမ်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သွဲ့ယဉ်ကျော်** | **ဦးပြည့်ငြိမ်းအောင် LL.B** |
| **[၁၂/မရက(နိုင်)၁၄၈၄၄၉]** | **အထက်တန်းရှေ့နေ(စဉ်-၃၀၁၅၅)** |




**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလ ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းရန်အတွက် ဖိတ်ခေါ်ခြင်း**

၁။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်းတွင် ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းလိုသူများကို ကြော်ငြာခွင့် စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားလိုသူများအနေဖြင့် နေပြည်တော်၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ (ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း D-23)၊ ဖုန်းအမှတ် ၀၆၇-၄၁၃၈၃၅၊ ၀၉-၄၂၀၇၀၅၄၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ထပ်မံအသိပေးကြော်ငြာအပ်ပါသည်။

**(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**




**CNG TAXI**
ယာဉ်မောင်းအလိုရှိသည်။
AA ဖင်ကောက်
တစ်လက်ကိုင်၊ နေ့မောင်း
**ဖုန်း-၀၉-၂၅၄၀၄၈၃၅၀၊ ၀၉-၅၅၀၃၁၄၁၊ ၀၁-၂၉၃၀၈၆**




**ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး(၅)လမ်း၊ အမှတ်(ခ/၈၂)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၉)ရပ်ကွက်နေ ကျွန်တော်၏မိတ်ဆွေများဖြစ်သော ဦးသိန်းဝင်း-ဒေါ်သန်းဌေးတို့၏ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ခေါင်းစဉ်ပါ နေအိမ်နှင့်မြေကွက်မှာ(ဦးဘသန်း)-ဒေါ်မြကြည်တို့ပိုင်ဆိုင်ပြီး ဒေါ်မြကြည်နှင့် ဒေါ်သန်းဌေးတို့မှာ အထက်ပါနေအိမ်တွင် နေထိုင်လျက်ရှိပါသည်။ အထက်ခေါင်းစဉ်ပါ အဆောက်အအုံ၏အနောက်ဘက်တွင်ရှိသော ပေ(၁၅×၁၀)ရှိ အဆောက်အအုံမှာ ဒေါ်မြကြည်၏သမီး ဒေါ်သန်းဌေးနှင့် ဒေါ်သန်းဌေး၏ခင်ပွန်း ဦးသိန်းဝင်းတို့နှစ်ဦးပိုင်ဖြစ်၍ အဆိုပါအဆောက်အအုံနှင့်ပတ်သက်ပြီး ဦးသိန်းဝင်း-ဒေါ်သန်းဌေးတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ ရောင်းချဝယ်ယူပေးကမ်းခွင့်မရှိကြောင်းနှင့် အရောင်းအဝယ်ပြုလုပ်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုတီသစ်သစ်စိုး(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၂၈၇၆၁)**

**ဦးတင်စိန် B.A(Law),LL.Bတရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၇၈)**
**အမှတ်(၂၆)၊ ရောမင်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့**






# Career Opportunities

**THIRSTY FOR SUCCESS,**

## Sales and Commercial:

## Logistics:

## Procurement:

## Manufacturing:

## Manufacturing:

## Human Resources:

### Apply NOW - Application Process




Dulux
let's colour
မည်သည့်ရာသီဥတုမျိုးမဆို
အကောင်းဆုံးကာကွယ်ပေးနိုင်သော
Dulux
Weathershield
Low Odour
Low VOC
The world's No.1^ Paint & Coatings company
^ Coatings world Top Companies Report July 2011 (Annual Turnover)
A BRAND FROM
AkzoNobel
Authorized Distributors
Myanmar Golden Rock Int'l Co., Ltd.
Asterism Int'l Co., Ltd.


ငါးနှစ်ကောင်
PISCES
အဆင့်မြင့်ဘက်စုံသုံး ဆပ်ပြာချော
မွှေးမွှေးလေးနဲ့ ဈေးကျွတ်တာ
ငါးနှစ်ကောင် ဆပ်ပြာပါ
Soap Noodle
ကိုယ်တိုက်ဆပ်ပြာများအတွက်အသင့်ထုတ်လုပ်နိုင်သည်။
Italy နိုင်ငံထုတ် Mazzoni စက်သစ်ကြီးဖြင့်ထုတ်လုပ်ထားသဖြင့် နိုင်ငံခြားအဆင့်မီ Quality ဖြစ်သည်။
ဈေးနှုန်းအလွန်သက်သာသည်။
Golden Flower Co., Ltd.
အမှတ် - ၂၁၄(အေ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 01-2300672, 2300677, 2300679.